



မြန်မာနိုင်ငံကြက်ခြေနီအသင်း
MYANMAR RED CROSS SOCIETY

INTERNATIONAL FEDERATION OF RED CROSS AND RED CRESENT SOCIETIES

# အရှေ့တောင်အာရှရှိအပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်နိုင်ငံများ ကွင်းဆင်းဆောင်ရွက်သူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ



# VULNERABILITY AND CAPACITY ASSESSMENT (VCA) GUIDELINES

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ပူးပေါင်း၍ထုတ်ဝေသည်။

# ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူ (၇) ချက်

## လူသားချင်းစာနာထောက်ထားခြင်း

ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လူမှုဒုက္ခများကို တားဆီးရန်နှင့် ကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန် ဆောင်ရွက်သည်။

## ခွဲခြားမှုမရှိခြင်း

တစ်ဦးချင်းစီ၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဆောင်ရွက်ရာတွင် နိုင်ငံသား၊ လူမျိုး၊ ဘာသာရေး ယုံကြည်မှု၊ လူတန်းစား၊ နိုင်ငံရေးခံယူချက်တို့နှင့် ပတ်သက်၍ ခွဲခွဲခြားခြားမပြုပါ။

## ကြားနေခြင်း

စစ်ပွဲများ၌လည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှုမရှိဘဲ ကြားနေသည်။

## လွတ်လပ်ခြင်း

ကြက်ခြေနီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၏ အရန်အင်အားသဖွယ် ဆောင်ရွက်ပြီး နိုင်ငံ၏ဥပဒေများကို လေးစား လိုက်နာလျက် မိမိ၏လွတ်လပ်မှုကို ထိန်းသိမ်းထားသည်။

## စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း

လုပ်ငန်းဆောင်ရွက်မှုအတွက် အကျိုးအမြတ်ရရှိရေးဆန္ဒ အလျဉ်းမရှိသော စေတနာ့ဝန်ထမ်းကယ်ဆယ်ရေး လှုပ်ရှားမှုဖြစ်သည်။

## စည်းလုံးညီညွတ်ခြင်း

နိုင်ငံအတွင်း တစ်ခုတည်းသော ကြက်ခြေနီသို့မဟုတ် လခြမ်းနီအသင်း အဖြစ် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပြီး လူတိုင်းပါဝင်ခွင့်ရှိသည်။

## ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း

ကမ္ဘာတစ်ဝန်းတွင် လှုပ်ရှားဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည်။

# ဥယျောဇဉ်



‘‘သင်တင့်လျောက်ပတ်သော အရပ်၌နေထိုင်ခြင်း’’ဟူသည် မြန်မာ့ထုံးတမ်းအစဉ်အလာတွင် အရေးပါသော အချက်တစ်ရပ်ဖြစ်သည်။ မြန်မာမြို့ရွာများနှင့် ကျေးလက်ရပ်ရွာများသည် ရှေးဘိုးဘေးတို့မှအစပြု၍ သင့်တင့်လျောက်ပတ်သော ဒေသများအဖြစ် ရွေးချယ် နေထိုင်လာခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ပေါ်ပေါက်လာသည့်အခါ သဘာဝဘေးဒုက္ခတို့ ပိုမိုဖြစ်ပွားလာပြီး ရပ်ရွာပြည်သူများ၏ အသက်နှင့် အိုးအိမ်ပစ္စည်းဥစ္စာတို့ကို ထိခိုက်ဖျက်ဆီးခြင်းများကြုံတွေ့လာကြရပါတော့သည်။

၂၀၀၈ ခုနှစ် နာဂစ်လေဘေးကြီး မဖြစ်မီအထိ မြန်မာနိုင်ငံ၏ ဘေးဒုက္ခဖြစ်ပွားမှုသည် အလယ်အလတ် အဆင့်တွင်သာရှိခဲ့သည်။ ယင်းဘေးကြီးအပြီးတွင် ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေးသည် အဓိက လိုအပ်ချက် တစ်ရပ်ဖြစ်လာသည့် အားလျော်စွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်လည်း ယင်းကဏ္ဍတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာလူထု အခြေပြုဘေးဒုက္ခကျရောက်လွယ်မှု လျော့ပါးရေးအစီအစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၀၈ ခုနှစ် နာဂစ်လေဘေးအပြီးတွင် ဖော်ပြပါအစီအစဉ်ကို ပြည်နယ်/တိုင်း (၆) ခု မှ မြို့နယ်ပေါင်း (၅၃) မြို့နယ်၊ ရပ်ကွက်ကျေးရွာပေါင်း (၁၁၀) တွင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်တွင်လည်း ထပ်မံတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါသည်။

ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေးတွင် ရပ်ရွာအသီးသီးတို့၏ ဘေးဒုက္ခကျရောက်လွယ်မှု (Vulnerability)နှင့် ရပ်ရွာလူထု၏ ‘‘စွမ်းဆောင်ရည်’’ (Capacity)တို့မှာ အဓိကအချက် (၂)ရပ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ပြုစုထားသော (VCA-Guide-line) သည် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အလွန်ထိရောက်သော နည်းစနစ်တစ်ရပ်ဖြစ်ပါသည်။

ရပ်ရွာအသီးသီးတို့၏ ဘေးဒုက္ခရောက်လွယ်မှု(Vulnerability)နှင့် စွမ်းဆောင်ရည် (Capacity) ဖော်ထုတ်ရေး၊ ဘေးဒုက္ခကျရောက်လွယ်မှု (V)မှ စွမ်းဆောင်ရည်(C)သို့ ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များကို သဘောတရားနှင့် လက်တွေ့စမ်းသပ်မှုတို့အပေါ်အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။ တိကျသော လုပ်ငန်းစဉ်များကို သတ်မှတ်ရက်အတွင်း အဆင့်လိုက်ဆောင်ရွက်ရန် ရှင်းလင်းဖော်ပြထားသည်။ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် လက်တွေ့စမ်းသပ်ဆောင်ရွက်ပြီး အောင်မြင်ခဲ့သော နည်းစနစ်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

အဆိုပါ (VCA-Guideline) ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ ယခုစာအုပ်ငယ်ကို ထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်ငယ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ‘ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခကျရောက်လွယ်မှုလျော့ပါးရေး’ စီမံချက်ဒေသများနှင့် အခြားသော သဘာဝဘေးလျော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထိရောက်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။ သို့သော် မည်သည့်အရာမဆို တရားသေသတ်မှတ်၍ ရနိုင်မည်မဟုတ်သဖြင့် မိမိနိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် တည်ရှိသောအခြေအနေများနှင့် လျော်ညီစွာ ကျင့်သုံးဆောင်ရွက်မှသာ အောင်မြင်ကောင်းမွန်သော အကျိုးရလဒ်များရရှိနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ပါမောက္ခ ဒေါက်တာသာလှရွှေ**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

# မာတိကာ


၁။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်း(VCA) (သို့မဟုတ်) လူထုအခြေပြုပူးပေါင်းပါဝင်မှုအကောင်းဆုံးအစီအစဉ်ရေးဆွဲမှုနည်းလမ်း ------------------------------ ၁

၂။ အရှေ့တောင်အာရှရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းဝင်နိုင်ငံများအတွက်ကွင်းဆင်းဆောင်ရွက်သူများနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များအတွက် ဘေးဒုက္ခရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်လေ့လာဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ---- ၂

၂. ၁ နောက်ခံသမိုင်းကြောင်း ------------------------------ ၂

၂. ၂ ရရှိခဲ့သော သင်ခန်းစာများ ---------------------------- ၆

၂. ၃ ဘေးအန္တရာယ်လျော့ချရေးအတွက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအမျိုးသားအသင်းများ၏ ''ပိုမိုဘေးကင်းပြီး ပြန်လည်ထူထောင်နိုင်စွမ်းရှိသော ရပ်ရွာများတည်ဆောက်ခြင်း'' ဆိုင်ရာချဉ်းကပ်မှုပုံစံများ ------------ ၇

၂. ၃. ၁ ဗွီစီအေ (VCA) ဆိုသည်မှာ အဘယ်နည်း ----- ၈

၂. ၃. ၂ ဗွီစီအေ (VCA) မဟုတ်သည့်အချက်များမှာ ----- ၈

၃။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များအဆင့် (၁၂) ဆင့် ---- ၉

အဆင့်(၁) အမျိုးသားကြက်ခြေနီအသင်း၏ပံ့ပိုးမှု ----------- ၉

အဆင့်(၂) လေ့လာဆန်းစစ်ခြင်းမှ အစီအစဉ်ရေးဆွဲခြင်းသို့ ---- ၁၀

အဆင့်(၃) အစီအစဉ်ရေးဆွဲခြင်းမှ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းသို့ -------------------------- ၁၀

၃. ၁ ဆောင်ရွက်ရန်အဆင့် (၁) အမျိုးသားကြက်ခြေနီ အသင်း၏ပံ့ပိုးမှု -------------- ၁၁

**လုပ်ငန်းစဉ်(၁)**

ဗွီစီအေကို အဘယ့်ကြောင့် အဆိုပြုရခြင်းကို နာလည်သဘောပေါက်ခြင်း ----------- ၁၁

**လုပ်ငန်းစဉ်(၂)**

ဗွီစီအေ လုပ်ငန်းစဉ် တစ်ခုလုံးအတွက် ထောက်ခံအားပေးမှုရရန် ဆောင်ရွက်ခြင်း ---------------------------------- ၁၂

**လုပ်ငန်းစဉ် (၃)**
ဗွီစီအေ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ ------------------ ၁၂
**လုပ်ငန်းစဉ် (၄)**
ဗွီစီအေ ဆောင်ရွက်ရန် ရည်မှန်းချက်များ
သတ်မှတ်ခြင်း ---------------------------- ၁၃
၃.၂ ဆောင်ရွက်ရန်အဆင့် (၂) လေ့လာဆန်း
စစ်ခြင်းမှလုပ်ငန်းဆောင်ရွက်ခြင်းသို့ ---------- ၁၅
**လုပ်ငန်းစဉ် (၅)**
ဗွီစီအေအစီအစဉ်ရေးဆွဲခြင်း ----------------- ၁၅
**လုပ်ငန်းစဉ် (၆)**
ကြိုတင်ပြင်ဆင်ခြင်း ---------------------- ၁၆
(က)ပထမနေ့ဆောင်ရွက်ရမည့်လုပ်ငန်း
စဉ်များ ------------------------------ ၁၉
(ခ) ဒုတိယနေ့ဆောင်ရွက်ရမည့် လုပ်ငန်း
စဉ်များ ------------------------------ ၃၈
(ဂ) တတိယနေ့ ဆောင်ရွက်ရမည့်
လုပ်ငန်းစဉ်များ ----------------------- ၄၂
ကိုးကားစာရွက်စာတမ်းများ ----------------- ၄၈

၄။ နောက်ဆက်တွဲများ
**နောက်ဆက်တွဲ (၁)**
ဗွီစီအေ (VCA) လုပ်ငန်းစဉ်များအားရှင်းလင်းပြသသည့်
ရုပ်ပုံကားချပ် ---------------------------------------- ၄၉
**နောက်ဆက်တွဲ (၂)**
ပြည်သူလူထုနှင့် အတူ ရေးဆွဲထားသော ဗွီစီအေ(VCA)
အချိန်ဇယား ------------------------------------------ ၅၀
**နောက်ဆက်တွဲ (၃)**
ဗွီစီအေ (VCA) အတွက် အဓိကလိုအပ်ချက်များ ------------ ၅၁
**နောက်ဆက်တွဲ (၄)**
ကွင်းဆင်းရာတွင် အသုံးပြုသော နေ့အလိုက် ဆောင်ရွက်မှု
ဇယားကွက် ------------------------------------------ ၅၃

# ၁။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်လေ့လာဆန်းစစ်ခြင်း (ဗွီစီအေ) (သို့မဟုတ်) လူထုအခြေပြု ပူးပေါင်းပါဝင်မှု အကောင်းဆုံးအစီအစဉ်ရေးဆွဲမှု နည်းလမ်း

– ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်း လုပ်ဆောင်ရန်အတွက် ကွင်းဆင်းဆောင်ရွက် ပြင်ဆင်ခြင်း

- ပထမဦးစွာ သတင်းအချက်အလက်များ ကောက်ယူရန်ရပ်ရွာလူထုအား အစည်းအဝေးခေါ်ယူခြင်း၊
- ဒေသ(ကျေးရွာအတွင်း) မိမိကိုယ်တိုင်(သို့) ဒေသခံ အကူအညီဖြင့် တိုက်ရိုက်ကွင်းဆင်းလေ့လာခြင်း၊
- မြေပုံရေးဆွဲခြင်း၊
- ရပ်ရွာလူထုနှင့် တွေ့ဆုံမေးမြန်းမည့် အကြောင်းအရာများမှာ– အချိန်ကာလ (သမိုင်းကြောင်း) ဖြစ်စဉ် ကားချပ်ရေးဆွဲခြင်း၊ ရာသီအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် လူမှုအဖွဲ့အစည်းများအပေါ်ဆက်စပ်ပတ်သက်မှုများ လေ့လာသုံးသပ်ခြင်းအပေါ်မှတ်တမ်း၊
- ရရှိလာသော သတင်းအချက်အလက်များကို ပထမဆုံးခွဲခြမ်းစိတ်ဖြာခြင်းနှင့်စနစ်တကျဖြစ်အောင်ပြုလုပ်ခြင်း၊

**ပထမနေ့**

- ပထမနေ့တွင်ရရှိသော သတင်းအချက်အလက် ရလဒ်များအပေါ် ထပ်မံဖြည့်စွက်ချက်များပြုလုပ်ရန် လူထုနှင့် ထပ်မံတွေ့ဆုံဆွေးနွေးခြင်း။
- အဓိကကျသည့် ဒေသခံလူထုများနှင့် ရပ်ရွာမြေပုံရေးဆွဲခြင်းအား စစ်ဆေးခြင်း။
- အဓိကအုပ်စု–ကလေးများ၊ အမျိုးသမီးများ၊ လယ်သမားများ၊ ရေလုပ်သားများနှင့် အလုပ်သမားများ (ခွဲခြမ်းစိတ်ဖြာမှု ဆောင်ရွက်ရတွင် ဘေးအန္တရာယ်၊ ဘေးဒုက္ခကျရောက်လွယ်မှုများနှင့် အရေးပါသော အချက်အလက်များအပေါ် အဓိကထားဆောင်ရွက်ရန်)
- သတင်းအချက်အလက်များကိုစနစ်တကျ ဖြစ်အောင်ပြုလုပ်ခြင်းနှင့် ''နောက်တစ်နေ့အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်'' များအား ပြင်ဆင်ခြင်း၊

**ဒုတိယနေ့**

–''ဘေးဒုက္ခကျရောက်လွယ်မှု ( ဗွီ)မှ စွမ်းဆောင်ရည် (စီ)''အဖြစ်သို့ပြောင်းလဲရန် လုပ်ဆောင်ချက်များအား ဖော်ထုတ်သတ်မှတ်ရန် ဒေသခံလူထုနှင့်တွေ့ဆုံခြင်း အပြင်၊ အဓိကလုပ်ငန်းများဖြစ်သော ကာကွယ်တားဆီးခြင်း၊ လျော့ပါးစေခြင်းနှင့်ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းများကို ပြီးမြောက်အောင် လုပ်ဆောင်ခြင်း၊ သတင်းအချက်အလက်များကို စနစ်တကျဖြစ်အောင် ပြုလုပ်ခြင်းနှင့်ရပ်ရွာမှမထွက်ခွာမီ ဒေသခံလူထုအား ပြန်လည်မျှဝေခြင်း။

**တတိယနေ့**

ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်းအတွင်း ဖော်ထုတ်သတ်မှတ်ထားသော ပြဿနာများအတွက် ဒေသလူထု၏ ပူးပေါင်းလုပ်ဆောင်ချက်အစီအစဉ်

# ၂။ အရှေ့တောင်အာရှရှိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ အသင်းဝင်နိုင်ငံများအတွက် ကွင်းဆင်းဆောင်ရွက်သူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်လေ့လာဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

**Vulnerability and Capacity Assessment (VCA) Guidelines**

## ၂. ၁။ နောက်ခံသမိုင်းကြောင်း

ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်း (ဗွီစီအေ) သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ၏ ဘေးဒုက္ခစီမံခန့်ခွဲမှုစနစ်များ၏ အဓိကနည်းလမ်းတစ်ခုဖြစ်သည်။ အင်္ဂလန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဌာန(DFID)နှင့်ဥရောပကော်မရှင်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ပေးရေးဌာနတို့၏ ပံ့ပိုးမှုဖြင့် "ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်လေ့လာဆန်းစစ်ခြင်း" ဆိုင်ရာ (ဗွီစီအေ) (VCA) နည်းလမ်းများကို၂၀၀၇ ခုနှစ်အစောပိုင်းတွင် ပြန်လည်ဆန်းသစ်အောင်ပြုလုပ်ခဲ့ပြီး ကမ္ဘာအနှံ့ရှိ အမျိုးသားကြက်ခြေနီအသင်းများ အသုံးပြုနိုင်အောင် လေ့ကျင့်ပေးလျက်ရှိသည်။

အရှေ့တောင်အာရှတွင် ဗွီစီအေ (VCA)နှင့် ပထဝီသတင်းအချက် အလက်စနစ်များ(GIS)နှင့် ဘေးဒုက္ခအန္တရာယ်များကို ခွဲခြားသတ်မှတ်ရန်နှင့် စောင့်ကြည့်လေ့လာနိုင်မည့် အခြားဘေးအန္တရာယ် လေ့လာဆန်းစစ်မှုနည်းနာများကို အမျိုးသားကြက်ခြေနီအသင်းများအကြား ကျယ်ပြန့်စွာအသုံးပြုနေပြီဖြစ်သည်။ ဥပမာ အိန္ဒိယသမုဒ္ဒရာတွင်ဖြစ်ပွားခဲ့သော ဆူနာမီနှင့် အင်ဒိုနီးရှားနိုင်ငံရှိ ဂျော့ဂျာကာတာဒေသတွင် ဖြစ်ပွားခဲ့သော မြေငလျင်အပြီးတွင် (PMI) ခေါ် အင်ဒိုနီးရှားကြက်ခြေနီအသင်းသည် ၎င်း၏လုပ်ဆောင်ချက်များကို အရှိန်အဟုန်မြှင့်ဆောင်

ရွက်ခဲ့သည်။ ဘေးဒုက္ခကျရောက်ခဲ့သည့် အာချေးနှင့် ဂျော့ဂျာကာတာဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် လူထုအခြေပြု လုပ်ငန်းများအတွက် သင့်လျော်သည့် ဖြေရှင်းဆောင်ရွက်ချက်များနှင့်ဒေသဆိုင်ရာ အန္တရာယ်များကို ခွဲခြားသတ်မှတ်ရန်အတွက် ဗွီစီအေ (VCA)နှင့် ဂျီအိုင်အက်စ်စနစ်များ (GIS) ကို အသုံးပြုဆောင်ရွက်ခဲ့သည်။ လေ့လာမှု ရလာဒ်များ၊ ခိုလှုံရေးစခန်းတည်နေရာများနှင့် နေအိမ်တည်ဆောက်သည့် ဒေသများကိုဖော်ပြရန် မြေပုံများကိုရေးဆွဲခဲ့သည်။ အမျိုးသားကြက်ခြေနီအသင်းသည် အကူအညီပေးရန်အတွက် ဦးစားပေးသတ်မှတ်ခြင်းနှင့် ရည်မှန်းချက်/ ရည်ရွယ်ချက်များ သတ်မှတ်ခြင်း၊ အကူအညီအမျိုးအစားကို ခွဲခြားသတ်မှတ်ခြင်းနှင့် ကြက်ခြေနီလခြမ်းနီများ၏ မိတ်ဖက်အဖွဲ့အစည်းများထံမှ အထောက်အကူပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် အဆိုပါ မြေပုံများကို အသုံးပြုနိုင်ခဲ့သည်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ဗွီစီအေ (VCA) သင်တန်းတစ်ခုကို လာအိုကြက်ခြေနီမှ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပဖွင့်လှစ်ခဲ့ရာ အရှေ့တောင်အာရှရှိ အမျိုးသားကြက်ခြေနီလခြမ်းနီအသင်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ယောက် တက်ရောက်ခဲ့သည်။ ၎င်းသင်တန်းတွင် (IFRC)၏ ဗွီစီအေ (VCA) ဆိုင်ရာ ပုံနှိပ်စာအုပ်အုပ်များမှ နောက်ဆုံးပေါ်နည်းစနစ်များနှင့် ချဉ်းကပ်ဆောင်ရွက်ပုံများကို ပို့ချခဲ့သည်။ ဗွီစီအေ (VCA) ကို အသုံးပြုရာတွင် ဒေသတွင်းတူညီသော ချဉ်းကပ် ဆောင်ရွက်မှုရှိစေရန် လမ်းညွှန်ချက်တစ်ရပ် ရေးဆွဲရန် သင်တန်းသားများက တောင်းဆိုခဲ့သည်။ ဖက်ဒရေးရှင်း၏ ကမ္ဘာလုံးဆိုင်ရာ ဗွီစီအေ(VCA) နည်းလမ်းများကို အရှေ့တောင်အာရှ၏ အနေအထားနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ လမ်းညွှန်ချက်တစ်ရပ်ပြုစုခြင်းဖြင့် အမျိုးသားအသင်းများ၏ လေ့လာဆန်းစစ်ခြင်းဖြစ်စဉ်ကို အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများ၏ အတွေ့အကြုံများကိုအခြေခံ၍ ၎င်းလမ်းညွှန်ချက်သည် အမျိုးသားကြက်ခြေနီအသင်းများ ဗွီစီအေ (VCA) ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးနိုင်မည့်အပြင် ဗွီစီအေဖြစ်စဉ်ကို ၎င်းတို့၏နိုင်ငံများနှင့် ဆီလျော်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စီမံချက် သို့မဟုတ် အစီအစဉ်တစ်ခုကို ရေးဆွဲခြင်း (သို့မဟုတ်)အကောင် အထည်ဖော်ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုတစ်ခုမှာ ဗွီစီအေ(VCA)ရလာဒ်များ ကိုလူထုရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သည့်လုပ်ငန်းများကဲ့သို့ ကောင်းစွာစုစည်းထားမှုမရှိခြင်းနှင့် အသုံးပြုမှုမရှိခြင်းပင်ဖြစ်သည်။

အခြားတစ်ဘက်မှကြည့်လျှင်လည်း ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိခြင်း ကြောင့် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် အသိပညာနှင့် ရုပ်ဝတ္ထုများ ဒေသခံလူထုမှပါဝင်မှု အမြင့်ဆုံးပမာဏရရှိရန် နှောင့်နှေးစေလျက်ရှိသည်။ မိမိ တို့၏ဒေသတွင် ဗွီစီအေ(VCA)မပြုလုပ်မီ၊ ပြုလုပ်ဆဲနှင့် ပြုလုပ်ပြီးတို့တွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် လွန်ခဲ့သည့် နှစ်များစွာအတွင်း ဗွီစီအေ (VCA) ကို အကောင်အထည်ဖော်ရာမှ ရရှိခဲ့သော သင်ခန်းစာများကို ဤလမ်းညွှန်ချက် တွင်ဖော်ပြထားသည်။

## ၂။ ၂။ ရရှိခဲ့သောသင်ခန်းစာများ

### (က) ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစဉ် ပုံဖော်ခြင်း

(၁) အမျိုးသားကြက်ခြေနီအသင်းများသည် ဗွီစီအေ(VCA) လုပ်ငန်း စဉ်စတင်ကတည်းက ရှင်းလင်းကောင်းမွန်သည့် ရည်မှန်းချက် (ရည်ရွယ်ချက်)များကိုရေးဆွဲသတ်မှတ်ထားသင့်သည်။အဆင့် အားလုံးတွင် (အထူးသဖြင့်ကျေးရွာလူထုအဆင့်တွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ဒေသခံရွာသူရွာသားများနှင့်ဒေသ ဆိုင်ရာအာဏာပိုင်များအကြား) ဆက်သွယ်မှုအပြည့်အဝရှိစေရန် စနစ်တကျ သေချာစွာဆောင်ရွက်ထားရမည်။

(၂) အင်ဒိုနီးရှားကြက်ခြေနီအသင်းသည် ဗွီစီအေ (VCA)ကို ရပ်ရွာ လူထုအခြေပြုဘေးဒုက္ခလျော့ပါးစေခြင်း လေ့လာဆန်းစစ်မှုနည်း စနစ်တစ်ခု (သို့မဟုတ်) ဖြည့်စွက်အမှတ်တစ်ခုအဖြစ် ထည့်သွင်း ခဲ့သည်။ ဗွီစီအေ (VCA) ၏ အစိတ်အပိုင်းဖြစ်သည့် ဘေး အန္တရာယ်ခွဲခြမ်းစိတ်ဖြာမှုနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေ မြေပုံရေး ဆွဲခြင်းတို့သည် ဘေးဒုက္ခအန္တရာယ် လျှော့ချရေးစီမံချက်များ စတင်ဆောင်ရွက်နိုင်မည့် ဘေးအန္တရာယ်ကျရောက်ရန်အခြေအနေ

မြင့်မားသည့် ရပ်ရွာဒေသကို ခွဲခြားသတ်မှတ်ရာတွင် အကူအညီ ဖြစ်စေခဲ့ပါသည်။

(၃) ဗွီစီအေ (VCA) ရလာဒ်များကို ဘေးဒုက္ခစီမံခန့်ခွဲမှုအတွက် သာမကပဲကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ အသင်းဖွံ့ဖြိုး တိုးတက်ရေး (စေတနာလုပ်အားရှင် ဖွံ့ဖြိုးတိုးတက်ရေး) တို့တွင် လည်းပူးပေါင်းထည့်သွင်းသင့်သည်။

(၄) ဗွီစီအေ (VCA) ရလာဒ်များကို ကြက်ခြေနီလခြမ်းနီများလှုပ်ရှားမှု ၏အတွင်းနှင့်အပြင်ရှိ နှီးနွယ်ပတ်သက်သူများကိုလည်း အသိပေး မျှဝေရပါသည်။ ပိုမိုကောင်းမွန်သည့် ပူးပေါင်းမှုနှင့် ဆောင်ရွက်မှု များရရှိစေရန် နိုင်ငံတော်အစိုးရကို အသိပေးရပါမည်။ ဥပမာ– ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အမျိုးသားကြက်ခြေနီ အသင်းတို့သည် လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်များကို ပါဝင်ထည့်သွင်းထားကြောင်း တွေ့ရပါသည်။

## (ခ) စည်းရုံးလှုံ့ဆော်အသိပေးဆွေးနွေးဆောင်ရွက်ခြင်း

(၁) အမျိုးသားကြက်ခြေနီအသင်းများ၏ ခေါင်းဆောင်များနှင့် ဆက်နွယ်ပတ်သက်သူများအား ဗွီစီအေ (VCA) နှင့် ပတ်သက် ပြီး ထောက်ခံအားပေးမှုရရန် စည်းရုံးအသိပေးဆွေးနွေးဆောင် ရွက်ခြင်းဖြင့် ယင်းတို့ထံမှ မူဝါဒဆိုင်ရာ၊ လူသားအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်ဆိုင်ရာ အထောက်အပံ့များ ရရှိစေမည် ဖြစ်ပါသည်။

(၂) ဆက်နွယ်ပတ်သက်မှုရှိသည့်အဆင့်ဆင့်သော နေရာတိုင်းတွင် ဗွီစီအေ (VCA) ရလာဒ်များကို ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ချိတ်ဆက်မိစေရန်နှင့် ထောက်ခံအားပေးမှုရရန် ဆောင်ရွက်ခြင်းကို ပိုမိုပြုလုပ်ရမည်။

## (ဂ) စီမံကိန်း/လုပ်ငန်းစဉ်ရေးဆွဲခြင်း

(၁) ပါဝင်ဆောင်ရွက်မည့်သူများကိုမှန်ကန်စွာရွေးချယ်ပါ။ ဥပမာ– အင်ဒိုနီးရှားကြက်ခြေနီအသင်းသည် ဗွီစီအေ (VCA) ဗဟိုအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းခဲ့ပြီး ၎င်းအဖွဲ့တွင်ဗွီစီအေ (VCA)ဆိုင်ရာ (အသိ ပညာပေးရေးအဖွဲ့) ဦးဆောင်ဆွေးနွေးသူများပါဝင်သည့် အဖွဲ့အား

ဖွဲ့စည်းပြီး ထိုအဖွဲ့က ခရိုင်အဆင့် (ဆက်ဂါးနားဘေးဒုက္ခကြိုတင်ပြင်ဆင်ရေး/တုန့်ပြန်ဆောင်ရွက်ရေးအဖွဲ့)ကို လေ့ကျင့်ပေးသည်။ ထို(ဆက်ဂါးနား)အဖွဲ့မှတဆင့် ကျေးရွာအဆင့်ရှိ လူထုအခြေပြု လုပ်ငန်းအဖွဲ့များကိုဗွီစီအေ (VCA) နည်းလမ်းအသုံးပြုပြီး လေ့လာဆန်းစစ်မှု ပြုလုပ်ပုံအဆင့်ဆင့်ကို လေ့ကျင့်ပေးပါသည်။

(၂) အမျိုးသားအသင်း၏ အစီအစဉ်များတွင်ဗွီစီအေ (VCA) ပိုမိုကောင်းမွန်စွာ ပါဝင်နိုင်ရန် အမျိုးသားကြက်ခြေနီအသင်း၏ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန၊ ကျန်းမာရေးဌာနနှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို ထည့်သွင်းစဉ်းစားရမည်။ ဗွီစီအေ (VCA) ကို အခြားဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်သည်။

(၃) ဗွီစီအေ(VCA) အများစုကို စီမံချက်ပုံစံဖြင့်သာ ပြုလုပ်လေ့လာမှုသာရှိသည်။ ရေရှည်တွင် အမျိုးသားကြက်ခြေနီအသင်း အနေဖြင့် ဘေးအန္တရာယ်မြင့်မားသည့် လူထုအတွက် ရေရှည်ပါဝင်ဆောင်ရွက်မှုများပြုလုပ်သွားရန်အတွက် ရေရှည်စီမံကိန်း အစီအစဉ်များ ရေးဆွဲသင့်ပါသည်။

## (ဃ) စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

(၁) လူထု၏ပူးပေါင်းပါဝင်မှုနှင့်အတူ စီမံချက်ရေးဆွဲခြင်း၊ စီမံချက်ရေးဆွဲခြင်းမှစောင့်ကြည့်သုံးသပ်အကဲဖြတ်ခြင်းထိ လုပ်ငန်းစဉ်တစ်ခုလုံးတွင် လူထု၏ အရင်းမြစ်များ အပြည့်အဝအသုံးချမှု၊ ပူးပေါင်းပါဝင်မှုနှင့် အားထုတ်မှုရရှိစေရန် ပြည်သူလူထုကို လုပ်ပိုင်ခွင့်ပေးအပ်ရမည်။

(၂) စွမ်းဆောင်ရည်တည်ဆောက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လုပ်ငန်းစဉ်အစပြုချိန်မှစပြီး ပြည်သူလူထုအား ပါဝင်ဆောင်ရွက်စေရမည်။ သို့မှသာ ၎င်းတို့၏ ဘေးအန္တရာယ်များနှင့် ဘေးဒုက္ခကျရောက်လွယ်မှုများကို လျှော့ချခြင်းနှင့် ပိုမိုဘေးကင်းပြီးပြန်လည်ထူထောင်နိုင်စွမ်းရှိသော ရပ်ရွာများအဖြစ် တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်များ အပြည့်အဝ ရရှိစေမည်ဖြစ်သည်။ ''**လူထုအတွက်ထက် လူထုနှင့်အတူ လုပ်ဆောင်ပါ**'' ဆိုသည့်အတိုင်း ဆောင်ရွက်သင့်သည်။




## ၂.၃။ ဘေးအန္တရာယ် လျှော့ချရေးအတွက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီ အမျိုးသားအသင်းများ၏ ‘‘ပိုမိုဘေးကင်းပြီး ပြန်လည် ထူထောင်နိုင်စွမ်းရှိသောရပ်ရွာများ တည်ဆောက်ခြင်း’’ ဆိုင်ရာ ချဉ်းကပ်မှု ပုံစံများ

(က) ဘေးဒုက္ခကျရောက်လွယ်မှုအရှိဆုံး ပြည်သူလူထုများအား ဝန်ဆောင်မှု ပေးနိုင်ရန် အမျိုးသားကြက်ခြေနီအသင်း၏ စွမ်းဆောင်ရည်ကို တိုးမြှင့်မွမ်းမံပေးခြင်း။

(ခ) ဘေးဒုက္ခ မကျရောက်မီ၊ ကျရောက်စဉ်နှင့် ကျရောက်အပြီးတွင် မည်သို့လုပ်ဆောင်ရမည်ဆိုသည်နှင့် ပတ်သက်၍ ပြည်သူလူထု၏ အလေးဂရုပြုမှုနှင့် အသိပညာအစီအစဉ်များကို မြင့်တင်ပေးခြင်း။

(ဂ) ပြည်သူလူထု၏ လွဲမှားသောအယူအဆများကို ဖော်ထုတ်ခွဲခြား သတ်မှတ်ခြင်းနှင့် ဘေးဒုက္ခကိုကိုင်တွယ်ဖြေရှင်းရန်အတွက် မှန်ကန် သော အသိပညာများပံ့ပိုးပေးခြင်း။

(ဃ) ဖြစ်နိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်များကို ခွဲခြားသတ်မှတ်ရန်နှင့် စောင့်ကြည့်ရန်၊ ရရှိနိုင်သော အရင်းအမြစ်များကို ရေးဆွဲပြုစုရန် တို့အတွက် ပြည်သူလူထု၏ စွမ်းဆောင်ရည်ကို မြင့်တင်ပေးခြင်း။

(င) အသက်ရှင်သန်ရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ဘေးဒုက္ခကယ်ဆယ်သည့် လျော့ပါးသက်သာရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ပြည်သူလူထုအား တိုက်တွန်း လှုံ့ဆော်ခြင်း။

(စ) ဘေးဒုက္ခလျှော့ချခြင်း (ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ လျော့ပါး သက်သာစေခြင်း) လုပ်ငန်းတို့အတွက် ပံ့ပိုးကူညီရာတွင် ရေရှည် တည်တံ့မည့် ဆက်နွယ်မှုကွန်ယက်များနှင့် မိတ်ဖက်လူမှုရေးအဖွဲ့ အစည်းများအား ထောက်ခံပံ့ပိုးပေးရန်။

## ၂. ၃. ၁။ ဗွီစီအေ (VCA) ဆိုသည်မှာ အဘယ်နည်း

ဗွီစီအေ(VCA)သည် အောက်ခြေအဆင့် (ရပ်ကွက်/ကျေးရွာ)တွင်သဘာဝ ဘေးအန္တရာယ်များ (ဘေးဒုက္ခကျရောက်နိုင်မှု)နှင့် ရင်ဆိုင်ရမည့် ဒေသခံ ပြည်သူ လူထု၏ အခြေအနေကိုနားလည်သိရှိရန်အတွက် လူထုအလွှာပေါင်းစုံ ပူးပေါင်း ပါဝင်မှုဖြင့် ဒေသနှင့်ကိုက်ညီသည့် ဆန်းစစ်မှုနည်းလမ်းများကို အသုံးပြုထား သည့် စူးစမ်းလေ့လာဆန်းစစ်မှုဖြစ်ပါသည်။ ဒေသအလိုက်ဦးစားပေးရန် အချက် များကို ခွဲခြားသတ်မှတ်ပြီး ဘေးဒုက္ခအန္တရာယ် လျှော့ချခြင်းအတွက် ပံ့ပိုးပေးမည့် လုပ်ငန်းစီမံချက်ပုံစံ ရေးဆွဲနိုင်စေမည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။ ၎င်းတို့အကြား အပြန်အလှန် အားဖြည့်ပေးနိုင်ရန် ဗွီစီအေ (VCA) ခွဲခြားသတ် မှတ်မှုသည် အခြားအစီအစဉ်များ၊ လုပ်ဆောင်ချက်များနှင့်ချိတ်ဆက်ထား ရပါမည်။

## ၂. ၃. ၂။ ဗွီစီအေ (VCA) မဟုတ်သည့်အချက်များမှာ

ဗွီစီအေ (VCA) တွင် ကန့်သတ်ချက်များရှိပါသည်။ (ရှင်းလင်းစွာနားလည် အသုံးချမှုမပြုလျှင်) လုပ်ငန်းစဉ်တစ်ခုလုံးသည် လွဲမှားသော လမ်းကြောင်းပေါ် သို့ရောက်ရှိသွားနိုင်သည်။ တခါတရံတွင် ဗွီစီအေ (VCA) လုပ်ငန်းစဉ်တစ်ခု လုံး၏ စွမ်းဆောင်ရည်အစိတ်အပိုင်းကို အပြည့်ပြည့်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ လုပ်အားရှင်များ၏ မှား ယွင်းစွာအသုံးပြုမှု သို့မဟုတ် ဆောင်ရွက်မှုတို့ ဖြစ်ပေါ်လေ့ရှိသည်။ ဗွီစီအေ (VCA) စွမ်းဆောင်ရည် တည်ဆောက်မှုကို အမျိုးသားကြက်ခြေနီအသင်းအဖွဲ့၏ စွမ်းဆောင်ရည်တည်ဆောက်မှုနှင့် ချိတ်ဆက်ရန် ကြိုးစားလေ့ရှိကြသည်။

**သတိပြုရန်အချက်မှာ ဗွီစီအေ (VCA) သည် အမျိုးသားကြက်ခြေနီအသင်း၏ စွမ်းဆောင်ရည် တည်ဆောက်မှုလုပ်ငန်းစဉ် ဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုနှင့် သင့်လျော် ရန် ခဲယဉ်းသည်ဆိုသည့် အချက်ပင်ဖြစ်သည်။**

# ၃။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်နှင့်လမ်းညွှန်ချက် အဆင့် (၁၂) ဆင့်

## (စူးစမ်းလေ့လာဆန်းစစ်မှုမှ လက်တွေ့လုပ်ငန်းဆောင်ရွက်ခြင်းသို့)

### အဆင့် (၁)

**အမျိုးသားကြက်ခြေနီအသင်း၏ ပံ့ပိုးမှု**

၁။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့်စွမ်းဆောင်ရည်လေ့လာဆန်းစစ်ခြင်း (ဗွီစီအေ) (VCA) ကို အဘယ်ကြောင့် အဆိုပြုရသည်ဆိုခြင်းကို နားလည်သဘောပေါက်ခြင်း။

၂။ အမျိုးသားကြက်ခြေနီအသင်းခေါင်းဆောင်များ၊ အသင်းခွဲများနှင့်မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများအား နားလည်သဘောပေါက် လက်ခံနိုင်စေရန်ဆောင်ရွက်ခြင်း။

၃။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့်စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်းပြုလုပ်ခြင်းအတွက် စီမံခန့်ခွဲမှုဖွဲ့စည်းပုံတစ်ရပ်ရေးဆွဲခြင်း။

၄။ ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်းဆိုင်ရာရည်မှန်းချက်များချမှတ်ခြင်း။ (ဥပမာ–ဆောင်ရွက်ရမည့်နေရာဒေသရွေးချယ်သတ်မှတ်ခြင်း)



## အဆင့် ၂

### လေ့လာဆန်းစစ်ခြင်းမှ အစီအစဉ်ရေးဆွဲခြင်းသို့

၅။ ဗွီစီအေ (VCA) အစီအစဉ် ရေးဆွဲခြင်း (ဥပမာ–မည်သူက၊ မည်သည့်ကို မည့်သည့်အခါ မည်သို့ဆောင်ရွက်မည်။)

၆။ ကြိုတင်ပြင်ဆင်ခြင်း။

၇။ လူထုအတွင်း ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းများအသုံးပြုခြင်း။

၈။ ရရှိလာသည့် အချက်အလက်များကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အသုံးပြုခြင်း။

၉။ လူထုထံသို့ သတင်းအချက်အလက်များ ပြန်လည်သတင်းပေးခြင်းနှင့် ဦးစားပေးရမည့်အချက်အလက်များ/ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းများ အားဆုံးဖြတ်ခြင်း။

## အဆင့် ၃

### အစီအစဉ်ရေးဆွဲခြင်းမှအကောင်အထည်ဖော်လုပ်ဆောင်ခြင်းသို့

၁၀။ ဘေးဒုက္ခကျရောက်လွယ်မှုများအား လက်တွေ့ပါဝင်လုပ်ဆောင်စေခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ပြောင်းလဲဆောင်ရွက်စေခြင်း။

၁၁။ ဒေသဆိုင်ရာ အာဏာပိုင်များ၊ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် တိုက်တွန်းအကြံပြုချက်များနှင့် အစီရင်ခံစာများပေးပို့ခြင်း။

၁၂။ ဖော်ထုတ်သတ်မှတ်ထားသည့် ဘေးအန္တရာယ်များအား လျှော့ချရန် ဘေးအန္တရာယ်ဖြစ်နိုင်ချေရှိသည့် နေရာတိုင်းတွင် လူထုအား ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေခြင်း ။

## ၃.၁။ ဆောင်ရွက်ရန်အဆင့် – ၁
## အမျိုးသားကြက်ခြေနီအသင်း၏ပံ့ပိုးမှု

လုပ်ငန်းစဉ် – ၁

**ပထမဆုံးနှင့် အရေးပါဆုံး မေးခွန်းမှာ ''ဗွီစီအေ (VCA)ကို အဘယ်ကြောင့် ဆောင်ရွက်ရန် အဆိုပြုရသနည်း'' နှင့် ဗွီစီအေ (VCA) သည် ပြည်သူလူထု၏ ဘေးဒုက္ခကျရောက်လွယ်မှုကို လျှော့ချနိုင်မည်လား'' ဆိုသည်ပင်ဖြစ်သည်။**

**ဆုံးဖြတ်ချက်မချမီ စဉ်းစားရန် အချက်အလက်များ**

- အမျိုးသားကြက်ခြေနီအသင်းသည် လူထုနှင့် အချိန်ကာလ (တို) သို့မဟုတ် အချိန်ကာလ (ရှည်) ပူးပေါင်းပါဝင်မှုပုံစံဖြင့် လုပ်ကိုင်ရန် ဆန္ဒရှိ/မရှိ။
- ရရှိလာသော ရလာဒ်အတွက် ဗွီစီအေ(VCA)သည် အသင့်လျော်ဆုံး နည်းလမ်းဟုတ်/မဟုတ်နှင့် အသုံးပြုသင့်သော အခြားနည်းလမ်းများ ရှိ/မရှိ။
- ဗွီစီအေ(VCA) အကောင်အထည်ဖော်ရန်နှင့် လိုအပ်သော နောက်ဆက်တွဲဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များလုပ်ဆောင်ရန် အရင်းအမြစ်နှင့် ကျွမ်းကျင်မှုများ ရှိ/မရှိ။
- လူထုလုပ်ငန်းများတွင် ဆောင်ရွက်ရန် ဝန်ထမ်းနှင့်စေတနာလုပ်အားရှင်များအား လေ့ကျင့်သင်တန်းပေးရန် လိုအပ်သော ရင်းနှီးမြှပ်နှံမှုများ ပြုလုပ်ရန် အမျိုးသားကြက်ခြေနီအသင်းမှ ဆန္ဒရှိ/မရှိ။
- ဘေးဒုက္ခ စီမံခန့်ခွဲမှု၏ အစိတ်အပိုင်းမဟုတ်သည့် လူထု၏လိုအပ်ချက်များအပေါ် တုန့်ပြန်ဆောင်ရွက်ရန် အခြားဌာနများမှ ပြင်ဆင်ထားခြင်းရှိ/မရှိ။

**သတိပြုရန်အချက်မှာ ဗွီစီအေ (VCA) ပြုလုပ်ရန် ဆုံးဖြတ်ချက်ကို အလွယ်တကူမချမှတ်သင့်ပါ။ ဗွီစီအေ (VCA) သည် အမျိုးသား ကြက်ခြေနီအသင်း ဌာနချုပ်၊ အသင်းခွဲများနှင့် ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်ရန်အချိန်၊ အားထုတ်မှုနှင့် လေးနက်သော တာဝန်ယူမှုတို့လိုအပ်သည်။**

## လုပ်ငန်းစဉ် – ၂

အမျိုးသား ကြက်ခြေနီအသင်းခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများအား ဗွီစီအေ (VCA) လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ထောက်ခံအားပေးမှုရရန် စည်းရုံးအသိပေးဆွေးနွေးဆောင်ရွက်ခြင်းဖြင့် နားလည်သဘောပေါက်လက်ခံစေရန် ဆောင်ရွက်ခြင်း။

## လုပ်ငန်းစဉ် – ၃

ဗွီစီအေ(VCA)ကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အဆင့်ဆင့်သော အလွှာပေါင်းစုံပါဝင်နိုင်ရန်အတွက် စီမံခန့်ခွဲမှုဖွဲ့စည်းပုံကို အောက်ပါအတိုင်း ရေးဆွဲရပါမည်။

**စီမံခန့်ခွဲမှု ဖွဲ့စည်းပုံရေးဆွဲရာတွင်ဆောင်ရွက်ရမည့်အချက်များ**

- စီမံခန့်ခွဲမှု ဖွဲ့စည်းပုံရေးဆွဲရာတွင် အောက်ပါအချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ရမည်။ စီမံခန့်ခွဲမှု ကော်မတီတွင်အဖွဲ့ဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပါဝင်သူများအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ပေါ်လွင်စေမည့် ရည်ရွယ်ချက်များအားချမှတ်ရေးဆွဲရန်။
- ပါဝင်မည့်သူများထံမှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုမှုကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားရှိရန်။
- ဖွဲ့စည်းပုံအသက်ဝင်စေမည့် လိုအပ်ချက်များကို လျာထားသတ်မှတ်ထားရန်။ (ဥပမာ–အချိန်၊ အရင်းအမြစ်၊ ဆက်သွယ်ရေးလမ်းကြောင်းများအစရှိသည်များ)

- ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများနှင့် ယင်းတို့အား ဖြေရှင်းရန်ဆောင်ရွက်ရမည့် အချက်များကိုဖော်ထုတ်သတ်မှတ်ထားရန်။ (ဥပမာ– အဖွဲ့အစည်းအသီးသီး၏ ဆက်နွယ်ပတ်သက်မှု/ဆက်ဆံရေး)
- ဖွဲ့စည်းပုံကို မည်သည့်အချိန်၌ဖျက်သိမ်းမည်ကို သတ်မှတ်ထားရန်။




## လုပ်ငန်းစဉ် – ၄

**ဗွီစီအေ (VCA)ဆောင်ရွက်ရန်အတွက်ရည်မှန်းချက် (ရည်ရွယ်ချက်) များ သတ်မှတ်ခြင်း။**

**အောက်ပါအချက်တို့ကို အလေးဂရုပြုသင့်သည်။**

- ချမှတ်ထားသောရည်မှန်းချက် (ရည်ရွယ်ချက်) သည်'' ဗွီစီအေကို အဘယ်ကြောင့်လုပ်ဆောင်ရသနည်း'' ဆိုသည့် မေးခွန်းအားဖြေဆိုနိုင်ရမည်။

- ရည်ရွယ်ချက်များသည်တိကျမှုရှိရမည်။ တိုင်းတာနိုင်ရမည်။ အကောင်အထည် ဖော်လုပ်ဆောင်ပြီးစီးနိုင်ရမည်။ လက်တွေ့ကျ၍ကျိုးကြောင်းမှန်ကန်ရမည်။ အချိန်မီပြီးစီးရမည်။ အများစုရှင်းလင်းပြီး နားလည်သဘောပေါက်ရမည်။
- ရည်ရွယ်ချက်များချမှတ်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အသုံးပြုပါ။
- ပါဝင်ဆောင်ရွက်သူများ၏ အများသဘောတူညီမှုနှင့် ပူးပေါင်းပါဝင်မှုဖြင့် ဖြစ်ပေါ်နိုင်သည့် အနာဂတ်တွင်ဖြစ်လာနိုင်မည့် ပြဿနာများကို ရှောင်ရှားရန်စီစဉ် ဆောင်ရွက်ထားပါ။
- ဗွီစီအေ (VCA) အားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အောက်ဖော်ပြပါအချက်များကိုသတ်မှတ်ဆောင်ရွက်ရမည်–
    - ဗွီစီအေ (VCA) ကို အကောင်အထည် ဖော်ဆောင်ရွက်မည့် နေရာ/ဒေသ။
    - ပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်မည့် ပြည်သူလူထုအရေအတွက်နှင့် မည်သည့်မြို့နယ် ကြက်ခြေနီအသင်းခွဲများ၏အင်အား။
    - ပါဝင်မည်သည့်ဒေသ (ကျေးရွာ) များအရေအတွက်။
    - ရရှိနိုင်မည့် လူသားအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်များ။
    - ပါဝင်ဆောင်ရွက်မည့် ပြည်သူလူထု၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အမြင်နှင့် အလေ့အထများ။





## ၃.၂။ ဆောင်ရွက်ရန်အဆင့်–၂
## လေ့လာဆန်းစစ်ခြင်းမှလုပ်ငန်းဆောင်ရွက်ခြင်းသို့

လုပ်ငန်းစဉ် – ၅

**ဗွီစီအေ (VCA) အစီအစဉ်ရေးဆွဲခြင်း။**

- အမျိုးသားကြက်ခြေနီအသင်းသည် ဗွီစီအေ (VCA) ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီးသော အဆင့်ဖြစ်သည်။ စီမံခန့်ခွဲမှု ဖွဲ့စည်းပုံကိုလည်း ရေးဆွဲပြီး ဖြစ်သည်။ ရည်မှန်းချက်များချမှတ်ပြီး ဗွီစီအေ (VCA) ကို စတင်ရန် အားလုံးက စိတ်အားထက်သန်နေပြီဖြစ်သည်။ ယခု သင်မည်သည့် အချက်များဆက်လက်လုပ်ဆောင်ရမည်နည်း။

### (VCA) အတွက်အခြေခံကျသောဇယားပုံစံ

| အဆင့်များ | လုပ်ဆောင်ချက်များ | အလုပ်ပြီးဆုံးကြောင်း အကဲဖြတ်မည့် ပုဂ္ဂိုလ် | လိုအပ်သော အရင်းအမြစ် | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
|---|---|---|---|---|---|---|---|
| ပြင်ဆင်ခြင်း | ၁။<br>၂။ | | | | | | |
| အကောင်အထည်ဖော်ခြင်း | ၁။<br>၂။ | | | | | | |
| ခွဲခြမ်းစိတ်ဖြာခြင်း စီမံချက် | ၁။<br>၂။ | | | | | | |
| အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ဆောင်ခြင်း | ၁။<br>၂။ | | | | | | |

## လုပ်ငန်းစဉ် – ၆

### ကြိုတင်ပြင်ဆင်ခြင်း

### ပထမအဆင့်တွင်

- ပူးပေါင်းပါဝင်မည့် အသင်းရုံးခွဲများနှင့် ပြည်သူလူထုများအားဖော်ထုတ်သတ်မှတ်ခြင်း။
- လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့အတွက်ဝန်ထမ်းနှင့် စေတနာလုပ်အားရှင်များအားရွေးချယ်ခြင်းနှင့်လေ့ကျင့်သင်တန်းပေးခြင်း။
- လိုအပ်သော လူသားအရင်းအမြစ်များ (ကြက်ခြေနီစေတနာလုပ်အားရှင်များ)နှင့် ဘဏ္ဍာရေး အရင်းအမြစ်များအား ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရယူသုံးစွဲခြင်း။
- ဗွီစီအေ (VCA)တွင် အသုံးပြုမည့် လေ့လာစူးစမ်းမေးမြန်းသည့် နည်းလမ်းများအား ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်း။

### ဘေးဒုက္ခကျရောက်နိုင်သည့်ပြည်သူလူထုအားရွေးချယ်ဖော်ထုတ်ခြင်း

- ဘေးဒုက္ခကျရောက်နိုင်သည့် ပြည်သူလူထုအား ရွေးချယ်ပါ။
- ဗွီစီအေ (VCA) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် (အိမ်ထောင်စု/ လူဦးရေ) သတ်မှတ်ချက်ထားခြင်း။
- အသင်းရုံးခွဲများ၏ ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်ဖူးသည့် အတွေ့အကြုံ ရှိ/မရှိ။
- ဗွီစီအေ (VCA) ကို အခြားစေတနာ လုပ်အားရှင်လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ။
- လူထုမှ စိတ်ပါဝင်စားမှုရှိ/မရှိ။ လုံလောက်သော စုစည်းနေရချထားနိုင်မှုရှိ/မရှိ။
- အသင်းရုံးခွဲ၏ စွမ်းဆောင်ရည်။ ရေရှည်လုပ်ငန်းစဉ်တစ်ခုလုံးအတွက် (နောက်ဆက်တွဲလုပ်ဆောင်ရန်အတွက်) လုံလောက်သော ကြက်ခြေနီစေတနာလုပ်အားရှင်အရေအတွက် ရှိ/မရှိ။

- အနီးရှိ ရပ်ရွာများတွင် လုပ်ကိုင်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းရှိ/မရှိ။

ပါဝင်ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ဆိုသည့် ဆုံးဖြတ်ချက်မှာ ပြည်သူလူထုအပေါ်တွင်သာ မူတည်ပါသည်။ ပူးပေါင်းပါဝင်ရန် ပြည်သူလူထုမှ ဆုံးဖြတ်ခဲ့ပါက သတင်းအချက်အလက် စုဆောင်းရာတွင် မိမိအဖွဲ့အား ပြည်သူလူထုမှ အကူအညီပေးနိုင်မည်ဖြစ်သည်။ မိမိအဖွဲ့အနေဖြင့် မည်သူနှင့် ပြောဆို ဆွေးနွေးသင့်သည်၊ မည်သည့်အချိန်နှင့် မည်သည့်နေရာတွင်တွေ့ဆုံသင့်သည်ကို ပြည်သူလူထုကအသိရှိဆုံးဖြစ်သည်။

### အဖွဲ့ဝင်များရွေးချယ်ခြင်း

- လုပ်ငန်းစဉ်တစ်ခုလုံးအတွက် လိုအပ်သော အဓိကကျွမ်းကျင်မှုများကို ထုတ်ဖော်သတ်မှတ်ပါ။ ကွဲပြားသော နောက်ခံအချက်အလက်များနှင့် ရပ်ရွာလူထုအရေးကိစ္စများကို ဒေသအနေအထားအရထိတွေ့ဆောင်ရွက်ဖူးခြင်းရှိသည့် ကျွမ်းကျင်သောသူများကို မိမိဆောင်ရွက်မည့် လုပ်ငန်းစဉ်အကြောင်းတိကျပြတ်သားစွာရှင်းပြပြီး ဖော်ထုတ်သတ်မှတ်ထားသည့် အဖွဲ့ဖြစ်ရပါမည်။
- ကျား၊ မ ပါဝင်မှုအချိုးညီမျှစေသင့်ပါသည်။ လူနည်းစု ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။
- ပူးပေါင်းပါဝင်အားထုတ်မှု။ အဖွဲ့ဝင်များသည် လုပ်ငန်းစဉ်တစ်ခုလုံးတွင် ပါဝင်ပြီး စိတ်အားထက်သန်စွာဖြင့်အားထုတ် ဆောင်ရွက်ရပါမည်။

### သင်တန်းပို့ချခြင်း

အဖွဲ့ဝင်များအားလုံးကို ဗွီစီအေ (VCA) ဆိုင်ရာ အချက်အားလုံး ပို့ချသင်ကြားပေးရန် အလွန်အရေးကြီးပါသည်။ အတွေ့အကြုံများအရ လူထု (အဖွဲ့)အား အနည်းဆုံး နှစ်ရက် သို့မဟုတ် သုံးရက် လေ့ကျင့်သင်တန်းပေးရန်လိုအပ်ပါသည်။

**ဗွီစီအေ (VCA) တွင် အသုံးပြုမည့် နည်းလမ်းများအား ဖော်ထုတ်သတ်မှတ်ခြင်း**

**မိမိအသင်းအဖွဲ့အစည်းအတွက်**

- လိုအပ်သော သတင်းအချက်အလက်၊
- အဖွဲ့ဝင်အရေအတွက်၊
- အချိန်ကန့်သတ်ချက်မူဘောင်၊
- လူထု၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အလေ့အထများ၊ စံနှုန်းများ၊
- အဖွဲ့ဝင်များ၏ အပြုအမူ၊ အရည်အချင်းနှင့် အတွေ့အကြုံများ၊

**အထက်ပါအချက်များ ပြင်ဆင်နေရာချပြီးပါက ဗွီစီအေ (VCA) ကို လူထုအတွင်း ဆောင်ရွက်ရန်အဆင့် ၂ မှ အဆင့် ၇၊ ၈၊ ၉ နှင့် ဆောင်ရွက်ရန် အဆင့် ၃ မှ အဆင့် ၁၀၊ ၁၁၊ ၁၂ တို့တွင် ဖော်ပြထားသည့်အတိုင်း နေ့အလိုက် စတင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။**

ဗွီစီအေ (VCA) ကို ရည်မှန်းချက်/ရည်ရွယ်ချက်များထားရှိပြီး နေ့အလိုက် လက်တွေ့ကွင်းဆင်း ဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။



## (က) ပထမနေ့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ မိမိဆောင်ရွက်မည့်လုပ်ငန်းစဉ်များအာပြည်သူလူထု နားလည်သဘောပေါက် လက်ခံစေရန်လူထုနှင့် ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း။

၂။ တိုက်ရိုက်လေ့လာမှုပြုလုပ်ခြင်း။ (မိမိဘာသာတစ်ဦးချင်း/ဒေသခံအကူအညီ ရယူ၍ဆောင်ရွက်ရန်)

၃။ မြေပုံရေးဆွဲခြင်း။

၄။ ပြည်သူလူထုနှင့်တွေ့ဆုံခြင်းတို့ဆောင်ရွက်ခြင်း၊ အချိန်ကာလ (သမိုင်း ကြောင်း) ဖြစ်စဉ်၊ ရာသီအလိုက်လုပ်ငန်းဆောင်ရွက်မှုနှင့် လူမှုအဖွဲ့အစည်း များအပေါ် လေ့လာသုံးသပ်ခြင်း။

၅။ ရရှိသောသတင်းအချက်အလက်များကို စနစ်တကျစီစစ်ခွဲခြမ်းစိတ်ဖြာခြင်း။

### ၁။ မိမိဆောင်ရွက်မည့်လုပ်ငန်းစဉ်များအားပြည်သူလူထု နားလည် သဘောပေါက်စေရန် လူထုနှင့် ပထမအကြိမ် အစည်းအဝေးကျင်းပ ခြင်း။

ရည်ရွယ်ချက်များနှင့်တွေ့ဆုံမှုရလာဒ်များအပေါ် အဖွဲ့ဝင်များအကြားသဘော တူညီမှုရအောင်ဆောင်ရွက်ပါ။ **မျှော်လင့်ချက်များ မပေးမိပါစေနှင့်။** မိမိတို့ ဘာသာမိမိတို့ ပိုမိုအကူအညီပေးနိုင်စေရန် ပြည်သူလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရသည့် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်တစ်ရပ်ဖြစ် သည်ဆိုသော ဗွီစီအေ (VCA) ၏ သဘောသဘာဝကို ပြည်သူလူထုအနေဖြင့် နားလည် သဘောပေါက်ရန်လိုပါသည်။

တွေ့ဆုံမှု၏ ရည်ရွယ်ချက်မှာ လူထုကို ဗွီစီအေ (VCA) လုပ်ငန်းစဉ်နှင့် မိတ်ဆက်ပေးခြင်းဖြစ်သည်။ လုပ်ငန်းစဉ်နှင့် မိမိတို့၏ရပ်ရွာ အတွက် သင့်လျော် သော ရလာဒ်များထွက်ပေါ်စေရန် လိုအပ်ချက်များအား ပြည်သူလူထုမှ နားလည် သဘောပေါက်ပါစေ။

**လုပ်ငန်းအစီအစဉ်ကို လူထုနှင့် သဘောတူညီမှု ရယူပါ။** အဖွဲ့အနေဖြင့် မည်သည့်တို့ကို လုပ်ဆောင်မည်၊ မည်သို့လုပ်ဆောင်မည်ကို လူထုမှ ကောင်းစွာ သိရှိပါစေ။ လူထုမှပါဝင်ဆောင်ရွက်မှုရှိပါစေ။

နောက်ဆုံးအနေဖြင့် ရပ်ရွာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးအန္တရာယ် များ၊ အခက်အခဲအတားအဆီးများ၊ လိုအပ်ချက်များ၊ **အရေးကိစ္စများအပေါ်** ၎င်းတို့၏အမြင်ကို ဗွီစီအေ (VCA) အဖွဲ့အားသတင်း အချက်အလက်မျှဝေပေး ရန် ပြည်သူလူထုအား တောင်းဆိုပါ။

## ၂။ တိုက်ရိုက် ကွင်းဆင်းလေ့လာမှုပြုလုပ်ခြင်း

**ဤလုပ်ဆောင်ချက်၏ ရလာဒ်များကို နောင်တွင် လူထုမှ စစ်ဆေးကြည့်ရှုမည် ဖြစ်ကြောင်း သတိပြုပါ။ သတင်းအချက်အလက်များနှင့် စနစ်တည်ဆောက်ခြင်း တို့ကို ကောင်းစွာမှတ်တမ်းတင်ထားခြင်းက သတင်းအချက်အလက်များကို လူထုနှင့်အတူ သင့်လျော်သော စစ်ဆေးမှုပြုလုပ်နိုင်ရန် ကောင်းစွာအထောက် အပံ့ပေးမည်ဖြစ်သည်။**

အဖွဲ့သည် ရုပ်ဝတ္ထုအရင်းအမြစ်များ၊ လူများ၊ ဖြစ်ပေါ်နေသောအဖြစ်အပျက် များ၊ လူမှုဆက်ဆံရေးများ၊ ဒေသတွင်းပူးပေါင်းပါဝင်မှုများကို စနစ်တကျ လေ့လာပြီး ၎င်းလေ့လာချက်များကို မှတ်တမ်းတင်ရမည်။ ယင်းသို့ ပြုလုပ်ခြင်း အားဖြင့် ဘေးဒုက္ခဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်းပြီး ပိုမိုကောင်းမွန်သည့် (အထူး သဖြင့် စာဖြင့်ရေးသားဖော်ပြရန် မလွယ်ကူသော) ပုံကားချပ်တစ်ရပ်ရရှိစေမည် ဖြစ်သည်။ ၎င်းနည်းလမ်းသည် ရေးသားပြောဆိုကြသည့် အချက်အလက် များအပေါ် ပြန်လည်စစ်ဆေးကြည့်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

**ဆောင်ရွက်ရမည့်နည်းစနစ်နှစ်ရပ်မှာ–**

၁။ တိုက်ရိုက်လေ့လာခြင်း၊ အလွတ်သဘောလေ့လာခြင်း။

၂။ ပူးပေါင်းပါဝင်သူမှ လေ့လာခြင်းတို့ဖြစ်ပါသည်။

**ကွင်းဆင်းလုပ်ကိုင်ရာတွင်အောက်ပါတိုက်ရိုက်လေ့လာခြင်းဆိုင်ရာ အကြံပြုချက်များက အထောက်အကူဖြစ်စေမည်ဖြစ်သည်။**

အောက်ပါအခြေအနေများကို သိရှိနားလည်မှသာ ဘေးဒုက္ခကျရောက်လွယ်မှုအား လျှော့ချနိုင်မည်ဖြစ်ပါသည်–

**အခြေခံအဆောက်အဦးများနှင့် ပတ်သက်၍**

၁။ ရေစီးရေလာစနစ်–ရေရရှိနိုင်မှု၊ ပုံစံ၊ ကောင်းစွာလည်ပတ်မှုရှိ/မရှိ

၂။ အဆောက်အဦး–ဗိသုကာ ဒီဇိုင်း၊ ခန့်မှန်းတွက်ချက်မှု၊ ပစ္စည်းအမျိုးအစား၊ အမိုးအကာ

၃။ ရေဆိုးစွန့်ပစ်သည့်စနစ်– စနစ်အသုံးပြုနိုင်မှု၊ ပိုးသတ်ခြင်း၊ စုပ်ယူသည့်စနစ်၊ ရေဆိုးမြောင်းများ

၄။ အသုံးအဆောင်များ– လျှပ်စစ်၊ ရေ၊ တယ်လီဖုန်း

၅။ မရှိမဖြစ်ဝန်ဆောင်မှုများ– ကျန်းမာရေးဆေးခန်းများ၊ ရဲစခန်းများ၊ ဆေးရုံများ၊ ကျောင်းများ၊ ဈေးများ၊ စွန့်ပစ်ပစ္စည်းနှင့်အညစ်အကြေးစွန့်စနစ်စီမံခန့်ခွဲမှု၊ လမ်းပန်းဆက်သွယ်/ပို့ဆောင်ရေး/စာတိုက်

**အလေ့အထများနှင့် ဘေးဒုက္ခကျရောက်လွယ်မှုများ အခြေအနေနှင့် ပတ်သက်၍**

၁။ ကျောင်း –(မီး)၊ မီးဘေးအချက်ပေးစနစ်၊ မီးသတ်ပူးရှိ/မရှိ

၂။ ကစားကွင်း–(အဓိကရုဏ်းဖြစ်ပါက)– ဘေးကင်းသော လမ်းကြောင်းများ ရှိ/မရှိ ထွက်ပေါက်အခြေအနေ

၃။ ဓာတ်ဆီဆိုင်– (မီးလောင်ပေါက်ကွဲမှု)၊ ဓာတ်ငွေ့ယိုစိမ့်မှု၊ မီးသတ်ဆေးဘူးထားရှိမှု ရှိ/မရှိ

၄။ ရေကန်–(ရေနစ်ခြင်း၊ ရောဂါများ) ရေသေ/ရေရှင်

၅။ ဘုရားရှိခိုးကျောင်း၊ ဘုန်းကြီးကျောင်း၊ ပလီ၊ ဘုရား– ခိုင်ခံ့မှုမရှိခြင်း၊ အိုမင်းသော သစ်သားအဆောက်အဦးဖြစ်ခြင်း

## လူမှုစီးပွားအခြေအနေနှင့် ပတ်သက်၍

၁။ နေအိမ်ဖွဲ့စည်းပုံ– ခိုင်ခန့်စွာ သို့မဟုတ် လျော့ရဲစွာ တည်ဆောက်ထားသော နေအိမ်၊ အဆောက်အဦးများ

၂။ ပတ်ဝန်းကျင်– သန့်ရှင်းမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု

၃။ မိသားစုဖွဲ့စည်းပုံ– မိသားစု ရှိ/မရှိ၊ ကလေးကလေးချင်းထိန်းကျောင်းမှု၊ သက်ကြီးရွယ်အိုပါဝင်မှု

၄။ ခြံဝင်းအတွင်းရှိ နေအိမ်အရေအတွက်– ကျပ်တည်းသော ခြံဝင်း၊ သက်သာချောင်ချိသော ခြံဝင်း

၅။ နေထိုင်မှုအခြေအနေ– (က)ကလေးများ၏ သွင်ပြင်–အာဟာရပြည့်ဝခြင်း၊ မပြည့်ဝခြင်း၊ နေအိမ်ကျပ်တည်းခြင်း၊ (ခ) ကျောင်းနေအရွယ်ကလေးများ ကျောင်းတွင်ရှိခြင်း၊ အိမ်တွင်ရှိခြင်း (ဂ) နေအိမ်တွင် ကလေးနှင့်အတူ လူကြီးရှိ/မရှိ။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်၍

၁။ မိသားစု၏ အဓိကဝင်ငွေ (ဥပမာ–စပါး၊ နှမ်း၊ ဥယျာဉ်ခြံမြေစသည့် ဝင်ငွေရ သီးနှံစိုက်ပျိုးခြင်း သို့မဟုတ် လခစားအဖြစ် လုပ်ကိုင်ခြင်း။

၂။ အရင်းအနှီး အကန့်အသတ်သည် ဒေသတစ်ခုမှတစ်ခု၊ အုပ်စုတစ်ခုမှ တစ်ခု၊ ဝင်ငွေအဆင့်အတန်းတို့အပေါ် မူတည်၍ ကွဲပြားခြားနား သွားသည်။ ပိုမိုဆင်းရဲသော အုပ်စုများသည် အရင်းအနှီးများရှိရန် ပိုမိုအကန့်အသတ်ရှိပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်နိုင်ခွင့်တွင်လည်း ပိုမိုကြွယ်ဝသူများထက် အကန့်အသတ်ရှိသည်။

၃။ ရပ်ရွာလူထုတစ်ခုအတွင်း ကွဲပြားသော လူမှုအုပ်စုများရှိခြင်းကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းတွင် ကွဲပြားသော ဘေးအန္တရာယ် အချက်အလက်များ ဖြစ်ပေါ်စေသည်။

## လူနေမှုပုံစံနှင့်ပတ်သက်၍

၁။ နေ့စဉ်လုပ်ငန်းဆောင်တာ

၂။ မိသားစုဖွဲ့စည်းပုံ

၃။ လူထုအတွင်း အပြန်အလှန်တုံ့ပြန်မှု

၄။ စွမ်းဆောင်ရည်များ

၅။ ကျွမ်းကျင်မှုများ

၆။ အမိုးအကာများ/စုရပ်နေရာများကဲ့သို့ အဆောက်အဦးများ (ခိုလှုံစရာများ)

၇။ ရပ်ရွာလူမှုရေးအသင်းအဖွဲ့များ၊ ရပ်ရွာခေါင်းဆောင်များ။

## ၃။ ရပ်ရွာအခြေနေပြမြေပုံရေးဆွဲခြင်း

ဗွီစီအေ(VCA)အချက်အလက်များ ကောက်ယူရာတွင် အဓိကကျသော နည်းလမ်းတစ်ခုမှာ ရပ်ရွာအခြေအနေပြမြေပုံ ရေးဆွဲခြင်းဖြစ်သည်။ ယင်းနည်းလမ်းသည် ဘေးဒုက္ခကျရောက်လွယ်မှုများ၊ စွမ်းဆောင်ရည်များ၊ ကောင်းမွန်သော နေထိုင်မှု အခြေအနေများ၊ အပြုအမူများနှင့်ပတ်ဝန်းကျင်ဆိုင်ရာအချက်များအား ပိုမိုပြီး အသေးစိတ်ဖော်ထုတ် သတ်မှတ်နိုင်စေမည်ဖြစ်သည်။

ယနေ့ခေတ်တွင် ပထဝီသတင်းအချက်အလက်စနစ် (GIS ) သည် ဘေးအန္တရာယ်များနှင့် ဆက်စပ်နေသော ဒေသများနှင့် ဘေးဒုက္ခကျရောက်လွယ်မှုများနှင် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။ ယင်းအချက်အလက်များသည် ဘေးဒုက္ခအန္တရာယ် လျှော့ချရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အဖွဲ့အစည်းများအတွက် သင့်လျော်မှုရှိသည်။

သို့ရာတွင်မြေပုံရေးဆွဲခြင်းသည် ပြည်သူလူထုအား ယင်းတို့၏ နေထိုင်မှုအခြေအနေမှန်ကို ပိုမိုနားလည်သတိပြုမိစေသည်။ နည်းပညာဆိုင်ရာသတင်းအချက်အလက်များက ဤသို့ဖော်ပြခြင်းမပြုနိုင်ပေ။ ပြည်သူလူထု၏ အပြုအမူများ၊ အမြင်များ၊ နေထိုင်မှုအခြေအနေများနှင့် ကိုယ်ပိုင်အမှတ်အသား များကို မြေပုံရေးဆွဲခြင်းက ဖော်ပြနိုင်သည်။ ဥပမာအားဖြင့် မြေပုံရေးဆွဲခြင်းဖြင့် ရေစီးရေလာစနစ်၏အခြေအနေနှင့် အမှိုက်များပိတ်ဆို့မှုကြောင့် ရေမြောင်းများ ပြိုကျနိုင်ခြေတို့ကို ဖော်ပြနိုင်သည်။ အဖွဲ့အနေဖြင့် အောက်ပါ မြေပုံပုံစံများကို ရေးဆွဲရန်လိုအပ်သည်။



## မြေပုံ–၁ နေရာအကျယ်အဝန်းပြမြေပုံ (တည်နေရာပြမြေပုံ )

ဒေသတစ်ခု၏ အဓိကသွင်ပြင်လက္ခဏာများကို နေရာအကျယ်အဝန်းနှင့် ဆက်စပ်ချိုင့် ဖော်ပြသည့် မြေပုံ။

## မြေပုံ–၂ ဘေးအန္တရာယ်/ ဘေးအန္တရာယ်ဖြစ်နိုင်ချေပြမြေပုံ

ပြည်သူလူထု၏ဘေးအန္တရာယ်များ/ဘေးအန္တရာယ်ဖြစ်နိုင်ချေများကိုဖော် ထုတ်သတ်မှတ် သည့်မြေပုံဖြစ်သည်။ ဘေးအန္တရာယ်/ ဘေးအန္တရာယ်ဖြစ်နိုင် ချေရှိသည်များ တစ်ခုချင်းအတွက် သီးသန့်မြေပုံတစ်ခုရေးဆွဲရမည်။

## မြေပုံ–၃ စွမ်းဆောင်ရည်/အရင်းအမြစ်မြေပုံ

ဒေသဆိုင်ရာ အရင်းအမြစ်များ၊ စွမ်းဆောင်ရည်များ၊ ကျား/မနှင့် လူမျိုးစု ကွဲပြားမှုများအလိုက် သို့မဟုတ် မြေအသုံးချမှုများကို ဖော်ပြသည့်မြေပုံ ။

ဤ လုပ်ဆောင်ချက်၏ ရလာဒ်များကို နောင်တွင် ပြည်သူလူထုမှ စစ်ဆေးကြည့်ရှုမည်ဖြစ်ကြောင်း သတိပြုပါ။ သတင်းအချက်အလက်များနှင့် ဆန်းစစ်ဆောင်ရွက်မှုတို့ကိုကောင်းစွာ မှတ်တမ်းတင်ထားပါက သတင်းအချက်အလက်များကို ပြည်သူလူထုနှင့်အတူ သင့်လျော်သော စစ်ဆေးမှုပြုလုပ်နိုင်ရန် ကောင်းစွာအထောက်အပံ့ပေးမည်ဖြစ်သည်။

မြေပုံများရေးဆွဲပြီးသည်နှင့် အဖွဲ့အနေဖြင့် သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ဘေးဒုက္ခကျရောက်လွယ်မှုအရှိဆုံးသူများအား ဖော်ထုတ် သတ်မှတ်ရန်လိုအပ်သည်။ ထို့နောက် ကျေးရွာအတွင်းဖြတ်လျှောက်လေ့လာခြင်း (Transect Walk ) မြေပုံကို ရေးဆွဲနိုင်ပြီဖြစ်သည်။ (မြေပုံ ၄ အသေးစိတ်အား အောက်တွင်ရှုပါ)

### မိမိဆောင်ရွက်မှုသည် ပြည်သူလူထုလက်ခံနိုင်သောအချက်အလက်များဖြစ်ရပါမည်။

အုပ်စုအလိုက်လုပ်ဆောင်ခြင်းမှာအကောင်းဆုံးဖြစ်သည်။ မြေပုံများကို ခွဲခြမ်းစိတ်ဖြာရာမှရရှိသော အပေါင်းလက္ခဏာနှင့် အနှုတ်လက္ခဏာဆောင်သော အခြေအနေများကို အောက်ပါ ဥပမာများဖြင့် ဖော်ထုတ်သတ်မှတ်နိုင်သည်။

### ဘေးအန္တရာယ်ဖြစ်နိုင်သော အခြေအနေများ

- ညံ့ဖျင်းစွာဆောက်လုပ်ထားပြီး ပွတ်သိပ်စွာ တည်ရှိနေသော နေအိမ်များသည် ရေလွှမ်းမိုးမှု အန္တရာယ်မြင့်မားစွာရှိနေခြင်း။
- လူအများ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း။
- ရေစီးရေလာညံ့ဖျင်းခြင်းကြောင့် အရေပြားရောဂါနှင့် တုပ်ကွေးကဲ့သို့ ရောဂါများ ဖြစ်ပေါ်စေခြင်း။
- အမှိုက်စွန့်ပစ်မှုမရှိခြင်းကြောင့် ကြွက်နှင့်ပိုးကောင်ပိုးမွှားများပေါက်ပွားခြင်း။
- ပွတ်သိပ်တည်ရှိနေသော နေအိမ်များက မီးလောင်မည့် အလားအလာမြင့်မားစေခြင်း။

- ဒေသတစ်ခုလုံးသည် ပင်လယ်ရေမျက်နှာပြင် အမြင့်တွင်သာရှိပါက ရေလွှမ်းမိုးနိုင်ခြေမြင့်မားခြင်း။

**စွမ်းဆောင်ရည်မြင့်မားသောအချက်များ**

- ဒေသအတွင်း ပညာရေးအဆင့်သုံးခုစလုံး ရှိခြင်း (မူလတန်း၊ အလယ်တန်း၊ အထက်တန်း)
- အသိပညာနှင့် ကျွမ်းကျင်မှုကို လက်ဆင့်ကမ်းလိုသည့် ဆန္ဒရှိခြင်း (ရေလုပ်ငန်း၊ လယ်လုပ်ငန်း၊ စက်ပြင်ခြင်း)
- ကျန်းမာရေးဌာန၏ ဝန်ဆောင်မှုများက လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း
- ကျန်းမာရေးကိစ္စရပ်များကို ဖော်ပြထားသည့် သန့်ရှင်းရေးစီမံခန့်ခွဲမှု ပုံစံသစ်
- လူထုမှ အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည့် ကိစ္စရပ်များကို ဆွေးနွေး ရန်ဆန္ဒရှိခြင်း။

## မြေပုံ–၄ ကျေးရွာအတွင်းဖြတ်လျှောက်လေ့လာခြင်းမြေပုံ

အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် သတိပြုပါ။

- အခြားမြေပုံများ၏ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန်။ (နေရာအကျယ်အဝန်းပြမြေပုံ၊ ဘေးအန္တရာယ်ပြမြေပုံ၊ စွမ်းဆောင်ရည်/ရင်းမြစ်မြေပုံ)
- ခွဲခြမ်းစိတ်ဖြာမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘေးအန္တရာယ်ပိုမိုမြင့်မားသော နေရာများကို သတ်မှတ်ရန်နှင့် ဘေးဒုက္ခကျရောက်လွယ်မှုကို ပိုမို နားလည် သဘောပေါက်စေရန်
- ဘေးအန္တရာယ် ခွဲခြမ်းစိတ်ဖြာရာတွင် လူထုအား ခြိမ်းခြောက်လျက်ရှိသည့် ကွဲပြားသော ဘေးအန္တရာယ်အလားအလာများကို ထည့်သွင်း စဉ်းစားရန်။

ဒေါင်လိုက်ရှုမြင်ချက်များကို အကဲဖြတ်ရာတွင် အောက်ပါအခြေခံ အချက်များ အနည်းဆုံးပါဝင်စေသင့်သည်။

- မြေအမျိုးအစား/အခြေအနေ
- ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်သည့် သီးသန့်ဒေသအလိုက် အသက်မွေးဝမ်းကျောင်းမှု
- ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ဆက်နွယ်မှုများ
- အဓိက ဘေးအန္တရာယ်များ
- ဘေးဒုက္ခ ကျရောက်လွယ်မှု မြင့်တက်စေသည့် အခြေအနေများ
- ယုံကြည်မှုနှင့် တန်ဘိုးများ
- စွမ်းဆောင်ရည်များ

## ၄။ ပြည်သူလူထုနှင့်တွေ့ဆုံခြင်း

ပြည်သူလူထုနှင့်တွေ့ဆုံရာတွင် အဓိကရည်မှန်းချက်နှစ်ခုရှိရမည်။

(က) အောက်တွင်ဖော်ပြထားသောနည်းလမ်းများအား အသုံးပြုပြီး အချက်အလက်များ ထပ်မံစုဆောင်းပါ။

(ခ) ဦးတည်အုပ်စု (အဓိကကျသော) ဒေသခံများထံမှရရှိသော အချက်အလက်များဖြင့် အုပ်စုအလိုက်ဆောင်ရွက်ချက်များမှ ပြုလုပ်ထားသော တိုက်ရိုက်ကွင်းဆင်းလေ့လာမှု အချက်အလက်များကို အတည်ပြုချက်ရယူပါ။

ပူးပေါင်းပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ခုလုံးသည် အရေးပါကြောင်း သတိပြုပါ။ ဤလုပ်ငန်းစဉ်သည် လေ့ကျင့်သင်တန်းပေးခြင်းမဟုတ်ပါ။ နည်းလမ်းများနှင့် နည်းစနစ်များကို အသုံးပြုပါ။ (အမေး၊ အဖြေ၊ အုပ်စုဖွဲ့လုပ်ကိုင်ခြင်း၊ စိတ်ကူးစိတ်သန်းနှိုးဆွခြင်းစသည်ဖြင့်) အောက်ပါ ကားချပ်များကို လူထုနှင့် အတူ ဖြည့်စွက်ပါ။

(က) ရပ်ရွာသမိုင်းကြောင်းဖြစ်စဉ်ပြသမှုကားချပ်။

(ခ) ရပ်ရွာသမိုင်းဖြစ်စဉ်မှတ်တမ်း ။

(ဂ) ရာသီချိန်အလိုက်လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အခြေပြဇယား။

(ဃ) လူမှုအဖွဲ့အစည်းများအတွင်းဆက်နွယ်မှုနှင့်အရေးပါမှု အပေါ်ခွဲခြမ်း စိတ်ဖြာမှု

ကားချပ်များ/မှတ်တမ်းများပြီးစီးသည်နှင့်တိုက်ရိုက်ကွင်းဆင်း လေ့လာမှုရလာဒ်များကို လူထုနှင့်အတူပြန်လည်ဆွေးနွေးခြင်း၊ တုန့်ပြန်မှု၊ ဖြည့်စွက်မှုရရှိစေရန်တို့ကို ပြန်လည်ဆောင်ရွက်ပါ။

## (က) ရပ်ရွာသမိုင်းကြောင်းဖြစ်စဉ်ပြသမှုကားချပ်

**သတိပြုရန်။** ဤလုပ်ဆောင်ချက်တွင် အဖွဲ့သည် ကားချပ်နှစ်ခုပြုစုရမည်။

**ပထမကားချပ်။** ရပ်ရွာသမိုင်းဖြစ်စဉ် သရုပ်ဖော်ကားချပ် (ရုပ်ပုံသတင်း အချက်အလက်)

**ဒုတိယကားချပ်။** ရပ်ရွာသမိုင်းဖြစ်စဉ် မှတ်တမ်း– (စာသားသတင်း အချက်အလက်)

အဖွဲ့သည် ယခင်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ကောက်ယူပြီး လူထုမှတ်တမ်းနှင့် သမိုင်းကြောင်းဖြစ်စဉ်ကို သရုပ်ဖော်ပြုစုရမည်။ ခွဲခြမ်းစိတ်ဖြာမှုတွင်ပါဝင်သော ဒေသနယ်မြေကို ကျယ်နိုင်သမျှ ကျယ်ပြန့်စေရမည်။ ရောဂါများ၊ အစားအစာရရှိနိုင်သောနည်းလမ်းများ၊ အလုပ်အကိုင်၊ ဘေးအန္တရာယ်များ၊ အဓိကရုဏ်းများ၊ ရာဇဝတ်မှုများ၊ သစ်ပင်သစ်တောများ၊ အခြားသူတို့၏ လူနေမှုဘဝပုံစံများစသည်တို့ပါဝင်စေရမည်။ ယခင်ဖြစ်ပျက်ခဲ့သည့် ဘေးအန္တရာယ်များ၊ သဘာဝပြောင်းလဲမှုများ၊ ပြင်းထန်မှုနှင့်အပြုအမူများစသည်တို့ကို သိမြင်နိုင်စေရမည်။ လူထု၏ လက်ရှိအခြေအနေ (ဘေးအန္တရာယ်နှင့်ဘေးဒုက္ခကျရောက်လွယ်မှုများအကြားဆက်သွယ်မှု) ကို နားလည် သဘောပေါက်အောင် အကူအညီပေးနိုင်ရမည်။ အချိန်ကာလအပေါ်မူတည်၍ ပြောင်းလဲလာသည့် အချက်များ

ကို အလေးဂရုပြုမိစေရမည်။ လူထုမှတ်တမ်းနှင့် သမိုင်းဖြစ်စဉ် ကိုထင်ရှား မြင်သာစွာ ကားချပ်ဖြင့် သရုပ်ဖော်တင်ပြနိုင်ရမည်။

အုပ်စုအလိုက်ပြုစုထားသော ကားချပ်များသည် ပြည်သူလူထု၏ ရပ်ရွာ သမိုင်းဖြစ်စဉ်ကို ဖော်ပြနိုင်ရမည်။ အချက်အလက်များနှင့် ပတ်သက်သည့် မေးခွန်းများမေးရန် အုပ်စုကို တိုက်တွန်းအားပေးရမည်။

| | လူ များ | နေ အိမ် များ | အပင်များ | အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ လုပ်ငန်းများ | ကျန်းမာရေး | အသုံး အဆောင် များ |
|---|---|---|---|---|---|---|
| ၁၉၈၀ | | | | | တီဘီ/ ကင်ဆာ/ငှက်ဖျား | |
| ၁၉၉၀ | | | | | တီဘီ/ ကင်ဆာ/ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်၊ ဆီးချို | |
| ၂၀၀၀ | | | | | တီဘီ/ ကင်ဆာ/ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်၊ ဆီးချို | |
| ၂၀၀၈ | | | | | | |

**ဥပမာအားဖြင့်**

- ဤကားချပ်မှ မည်သည်ကို ဖော်ပြထားသနည်း။
- မည်သည်တို့ ဖြစ်ပျက်ခဲ့သနည်း။
- အဘယ်ကြောင့်ဖြစ်ပျက်ခဲ့သနည်း။
- ထပ်မံဖြစ်ပွားနိုင်သည့်အလားအလာများမှာ အဘယ်နည်း။

ကားချပ်ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရာတွင် ဒေါင်လိုက်နှင့် အလျားလိုက်နှိုင်းယှဉ်မှုများ ပြုလုပ်သင့်သည်။ ကန့်လန့်(ရေပြင်ညီတွင်) ဆယ်စုနှစ်အလိုက်ဖော်ပြ

ထားသော ဖွံ့ဖြိုးတိုးတက်မှုနှင့် အဖြစ်အပျက်များသည် ဒေါင်လိုက်ဖော်ပြထားသော နှစ်အလိုက် အချက်အလက်များနှင့် ယှဉ်တွဲပြသရမည်။

## (ခ) ရပ်ရွာသမိုင်းကြောင်းဖြစ်စဉ်မှတ်တမ်း

သတင်းအချက်အလက်များစုစည်းနေစဉ်အတွင်း လူထုဖွံ့ဖြိုးရေးကိစ္စနှင့်ပတ်သတ်သည့် ဖြစ်နိုင်ဖွယ်အချက်အားလုံးကို သေချာစွာ မှတ်တမ်းတင်ရပါမည်။ မြေယာအသုံးပြုခြင်း၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးသီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများမှ စတင်မှတ်တမ်းတင်ရပါမည်။ ကျောင်းများဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အဓိက သဘာဝဘေးအန္တရာယ်များသည် မည်သည့်အချိန်တွင် မည်သို့စတင်ဖြစ်ပေါ်လာခဲ့သည်ကိုလည်း ဖော်ပြသင့်ပါသည်။

| နှစ် | ဖော်ပြချက် |
|---|---|
| ၁၉၇၀ | ရပ်ရွာ စတင်တည်ထောင်ခဲ့သည်။ |
| ၁၉၇၂ | လူအများအပြားငါးထောင် ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်။ |
| ၁၉၇၃ | ပထမဆုံးစာသင်ကျောင်းနှင့် ကျန်းမာရေးဌာန အစရှိသည်များအား စတင်တည်ဆောက်ခဲ့သည်။ |
| ၁၉၈၀ | လေမုန်တိုင်း 'နီနု' တိုက်ခတ်ခဲ့သည်။ |
| ၁၉၈၁ | ကြက်ခြေနီအသင်းခွဲအား စေတနာလုပ်အားရှင်ငါးဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ |
| ၁၉၈၃ | ရွာဦး ဘုန်းကြီးကျောင်းအားတည်ထောင်ခဲ့သည်။ |
| ၁၉၉၀ | ကျန်းမာရေးဌာနတည်ဆောက်မှုပြီးစီးခဲ့သည်။ |

## (ဂ) ရာသီချိန်အလိုက်လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အခြေပြ ဇယား

မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းကဲ့သို့သော ကွဲပြားခြားနားသည့် အဖြစ် အပျက်များ၊ စီးပွားပျက်ကပ်၊ မိုးခေါင်ခြင်း စသောအတွေ့အကြုံများ၊ ကောက်သစ်စိုက်ခြင်း၊ ရိတ်သိမ်းခြင်းစသည့်ကိစ္စများနှင့် လူမှုရေးစီးပွားရေး အခြေအနေများကိုတင်ပြနိုင်ရန် **ရာသီချိန်အလိုက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အခြေပြဇယား** ရေးဆွဲအသုံးပြုကြပါသည်။ အခက်အခဲ၊ ဘေး အန္တရာယ်ကျရောက်ခြင်း၊ ရောဂါဘယ၊ အငတ်ဘေး၊ ကြွေးမြီ၊ ဘေးအန္တရာယ် ကျရောက်ရန်လွယ်ကူသောကာလအပိုင်းအခြားများကို ၎င်းအခြေပြဇယား ဖော်ပြနိုင်သည်။ ထို့ပြင် ဘေးအန္တရာယ်ကျရောက်သည့် ကာလများတွင် လူအများမည်သို့ လုပ်ဆောင်ကြသည်၊ အသက်မွေးမှုများ မည်သို့ကွဲပြားခြား နားသွားကြသည်ကိုလည်း သိနိုင်သည်။ မည်သို့ စုဆောင်းမှု ပြုလုပ်ကြ သည်ကိုလည်းကောင်း၊ ရပ်ရွာလူပ်ရှားမှုလုပ်ငန်းများအတွက်မည်သို့ အချိန် ပေးကြသည်ကိုလည်းကောင်း မည်သည့်မဟာဗျူဟာနည်းလမ်းများ ချမှတ် သုံးစွဲကြသည်ကိုလည်းကောင်း ခွဲခြားဖော်ပြနိုင်သည်။ ဘေးအန္တရာယ် ကျရောက်သည့်ကာလများနှင့် ပုံမှန်အချိန်များရှိ ပုဂ္ဂလိကလုပ်ငန်းများ ကိုလည်းမှတ်သားပေးရပါမည်။



ပြဿနာအခက်အခဲများ၏ မတူညီသောပုံစံများကိုဒေါင်လိုက်အကွက်များတွင်ထည့်သွင်းရမည်ဖြစ်ပြီး၊ နှစ်တစ်နှစ်၏လများကို အလျားလိုက်ထည့်သွင်းပါ။ လအလိုက်ထူးခြားမှုရှိလျှင် ကြက်ခြေခတ် အမှတ်အသား (X) ဖြင့်မှတ်သားရပါမည်။ အောက်တွင်နမူနာတစ်ခုဖော်ပြထားပါသည်။

| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ဝင်ငွေနည်း | × | | | × | × | × | | | | | | |
| ၂။ | ဝင်ငွေများ | | | × | × | × | | × | × | × × | × | × | × |
| ၃။ | လူဝင်လူထွက် | × | × | × × | | | | × | × | × × | × | × | × |
| ၄။ | မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်း | × | × | × | × | × | × | × | | | × | × | × |
| ၅။ | လမ်းအန္တရာယ် ကျရောက်မှု | × | × | × | × | | × | | | × | × | | × |
| ၆။ | တုပ်ကွေး၊ ချောင်းဆိုး၊ အအေးမိရောဂါများ ဖြစ်ပွားခြင်း။ | | × | | × | | | × | × | × | × | | × |
| ၇။ | မုန်တိုင်း ကျရောက်မှု | × | × | × | × | × | × | × | × | | | × | × × |
| ၈ | တောမီးလောင်မှု | × | × | | | | | | | | × | × | × |
| ၉။ | မိုးခေါင်ရေရှား | | | × | × | × | | | | | | | |
| ၁၀။ | ရေလွှမ်းမိုးခြင်း | | | | | × | × | × | | | | | |
| ၁၁။ | မီးလောင်မှု | | | | | | | | | × | | | |

## (ဃ) လူမှုအဖွဲ့အစည်းများအတွင်းဆက်နွယ်မှုနှင့်အရေးပါမှု အပေါ် ခွဲခြမ်းစိတ်ဖြာမှု

ပြည်သူလူထုအတွင်းရှိ အဓိကကျသောအဖွဲ့အစည်းများ၊ အုပ်စုများနှင့် သီးသန့်လူပုဂ္ဂိုလ်များ ပါဝင်သည့်ပုံစံကားချပ် တစ်ခုကိုရေးဆွဲရပါမည်။ ၎င်းတွင် အပြန်အလှန် ဆက်နွယ်မှု/ဆက်ဆံရေးနှင့် အရေးပါမှုအဆင့် အတန်းများကိုဖော်ပြရပါမည်။ ဒေသအတွင်းနှင့် ပြင်ပရှိ အဖွဲ့အစည်းများ၊ ၎င်းတို့၏အရေးပါမှုနှင့် လူအများ သိရှိမှုတို့ကို ခွဲခြားဖော်ပြနိုင်ရန် ရေးဆွဲပေးရမည်။ ဘေးအန္တရာယ်အား တုံ့ပြန်ဆောင်ရွက်ရာတွင် လူတစ်ဦးချင်း အလိုက်၊ အုပ်စုအလိုက်၊ အဖွဲ့အစည်းအလိုက် ပါဝင်ဆောင်ရွက်မှုနှင့် ပြည်သူလူထုအား အထောက်အကူပေးနိုင်ပုံတို့ကို ခွဲခြားမှတ်သားရပါမည်။ ၎င်းတို့အား အောက်ပါ အဆင့်များဖြင့်ဆောင်ရွက်ပါ။

၁။ မျက်နှာစုံညီ တွေ့ဆုံရာတွင် (VCA) အဖွဲ့နှင့် ပြည်သူလူထုအတွင်း တက်ကြွမှုရှိသော အဓိကကျသော အဖွဲ့အစည်း (၆ ဖွဲ့မှ ၈ ဖွဲ့)ကို ဖော်ထုတ်သတ်မှတ်ပေးရမည်။

၂။ ဤအဖွဲ့အစည်းများ၏ အရေးပါပုံကို ရှင်းလင်းပြပြီး အရေးပါမှု အဆင့် (၁ မှ ၅ ) အတွင်း သတ်မှတ်ပေးရမည်။ အဆင့် ( ၅ )သည် အရေးပါမှုအမြင့်ဆုံးဖြစ်ပြီး (၁) သည် အနိမ့်ဆုံးဖြစ်သည်။

၃။ ထို့နောက်အဖွဲ့အစည်းများကို ပြည်သူလူထုနှင့်နီးစပ်မှုအပေါ်မူတည်ပြီး အဆင့် (၅) အနီးစပ်ဆုံးမှအဆင့် (၁) အဝေးကွာဆုံးအထိ အဆင့်များ သတ်မှတ်ပေးရမည်။

တခါတရံအချို့အဖွဲ့အစည်းများသည် ပြည်သူလူထုနှင့် အံဝင်ခွင်ကျ ရှိသော်လည်း လိုအပ်ချက်များ မဖြည့်ဆည်းပေးနိုင်ခြင်းမျိုး ရှိသကဲ့သို့ ပြည်သူလူထုနှင့် လက်ပွန်းတတီးဆောင်ရွက်လုပ်ရှားနေသော်လည်း ပြည်သူ လူထုက သတိမမူမိသည်များလည်း ရှိတက်ပါသည်။ ဆန်းစစ်ချက်များ ပြုလုပ်ရသည့် ယေဘုယျရည်ရွယ်ချက်မှာ ပြည်သူလူထု လိုအပ်ချက်နှင့် ကိုက်ညီရန်၊ ပိုမိုအံဝင်ခွင်ကျရှိစေရေးနှင့် လူထုနှင့်နီးစပ်ပြီးသား အဖွဲ့ အစည်းများအား လူထုလိုအပ်ချက်နှင့် ပိုမိုအံ့ဝင်ခွင်ကျရှိစေရန်ဖြစ်သည်။

ကိုယ်ပိုင်အယူအဆများရယူသုံးစွဲခြင်းထက် ဒေသအတွင်း နေထိုင်သည့်သူများဆီမှ သတင်းအချက်အလက်များရယူခြင်းက မှားယွင်းဖော်ပြမှုများကို လျော့ကျစေနိုင်မည်ဖြစ်ပါသည်။

သတိပြုရန်မှာ– အဆင့်သတ်မှတ်ချက်များပြုလုပ်ရာတွင် လူတစ်ဦးချင်းအလိုက် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အဆင့်သတ်မှတ်ပေးရန်လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် စာရွက်တစ်ရွက်စီပေါ်တွင် စာသား (သို့) ရုပ်ပုံကိုသုံးစွဲနိုင်ပါသည်။ နောက်ပိုင်းတွင် ၎င်းအဖြေများကို စုစည်းခြင်းဖြင့် ပြည်သူလူထု အသိုက်အဝန်းတစ်ခု၏ ကိုယ်စားပြု ရာခိုင်နှုန်းတစ်ရပ်အား ရရှိပါလိမ့်မည်။



## မေးခွန်းနမူနာများ

- သက်ဆိုင်ရာ အဖွဲ့အစည်း/အသင်းတည်ထောင်၏ နောက်ခံသမိုင်းကြောင်း။
- စတင်ဖွဲ့စည်းသည့်ကာလ။

- ဖွဲ့စည်းရခြင်းအကြောင်းရင်း။
- အဖွဲ့ဝင် ဦးရေ ။
- အဖွဲ့ဝင်အရေအတွက် အတိုး/အလျော့။
- အစည်းအဝေးတွင် အဖွဲ့ဝင်များက မည်သို့ပါဝင်ဆောင်ရွက်ကြသနည်း။
- ဆုံးဖြတ်ချက်များ မည်သို့ ချမှတ်သနည်း ။
- အုပ်စုအနေဖြင့်လူထုဖွံ့ဖြိုးရေး အစီအစဉ်ရှိပါသလား။
- အုပ်စု၏ကော်မတီများက လုပ်ဆောင်ချက်များရှိပါသလား။
- ယခင်က အဖွဲ့အနေဖြင့် ပြည်သူလူထုအပေါ် မည်သည့် အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသလဲ။

| အဖွဲ့အစည်း/အသင်း | နီးစပ်မှု | ပျမ်းမျှ | အရေးပါမှု | ပျမ်းမျှ |
|---|---|---|---|---|
| အမျိုးသမီးရေးရာ | (၁-၁-၂-၄-၂) | ၃ | (၁-၁-၂-၁-၁) | ၁.၂ |
| ကြက်ခြေနီလခြမ်းနီ | (၄-၄-၅-၅-၂) | ၄ | (၂-၃-၄-၅-၅) | ၃.၈ |
| လူငယ်အဖွဲ့အစည်း | (၅-၃-၂-၂-၂) | ၂.၆ | (၅-၂-၁-၄-၃) | ၂.၅ |
| တောင်သူလယ်သမား ဘဏ် | (၂-၄-၄-၅-၄) | ၃.၈ | (၁-၅-၄-၅-၅) | ၄ |
| အေအိုင်ဒီအက်စ် အခြေခံအုတ်မြစ် | (၁-၄-၅-၄-၁) | ၃ | (၁-၅-၅-၄-၂) | ၃.၄ |
| ကျန်းမာရေးဌာန | (၃-၅-၅-၃-၅) | ၄.၂ | (၅-၅-၄-၅-၅) | ၄.၈ |

## ၅။ သတင်းအချက်အလက်များအား ဆန်းစစ်ခြင်းနှင့် စနစ်တကျ ဖြစ်အောင်ပြုလုပ်ခြင်း

သင်နှင့်သင့်အဖွဲ့ ထပ်မံတွေ့ဆုံရာ၌ဗွီစီအေ (VCA) လက်တွေ့ဆောင်ရွက်သူများ နားလည်သိရှိနိုင်မည့် ဘေးအန္တရာယ်ဆန်းစစ်မှုဇယားကို အောက်ပါအတိုင်း ပြုလုပ်သင့်ပါသည်။

| ဘေးအန္တရာယ်/ ပြဿနာ/ ကိစ္စရပ်များ | ဖြစ်ပွားနိုင်သော ဘေးအန္တရာယ် | ဘေးဒုက္ခ ကျရောက် လွယ်မှု | စွမ်းဆောင် ရည်များ | လက်ငင်း လိုအပ်ချက် | လျော့ပါး သက်သာရေး လုပ်ဆောင်ချက်များ |
|---|---|---|---|---|---|
| ရေလွှမ်းမိုးခြင်း | ၁. | ၁.၁ | ၁. | ၁. | – |
| | ၂. | ၁.၂ | ၂. | ၂. | – |
| | ၃. | ၁.၃ | ၃. | | – |
| | ၄. | ၁.၄ | | | – |
| | | ၂.၁ | | | – |

ဤနေရာတွင် အဓိကစိန်ခေါ်မှုမှာ မည်သို့လုပ်ရမည်ကို သိရန်ပင်ဖြစ်သည်။ **မှန်ကန်စွာဆောင်ရွက်နိုင်လျှင်** ရလာဒ်မှာလုပ်ငန်းပြီးဆုံးစေရန်ထင်ရှားသိသာသော တန်ဘိုးတစ်ခု ရရှိမည်ဖြစ်သည်။ ဘေးအန္တရာယ်ပြဇယားဖြည့်စွက်ရပါမည်၊ ရရှိလာသော သတင်းအချက်အလက်များကို စုဆောင်းဆန်းစစ်ကြည့်၍ အောက်ပါ မေးခွန်းများအား ဖြေဆိုပါ။

### ၁။ ဖြစ်နိုင်ချေရှိသည့်အန္တရာယ်မှာ အဘယ်နည်း–

(က) ပြည်သူလူထုအပေါ် ဖြစ်နိုင်ချေရှိသည့်ဘေးဒုက္ခကိုဆန်းစစ်ပါ။

(ခ) ဖြစ်နိုင်ချေဘေးအန္တရာယ်သည်အမှန်တကယ် တည်ရှိသည်ဆိုပါက ဖြစ်ပွားလာနိုင်သော အကျိုးသက်ရောက်မှုများ အားလုံးကိုဆုံးဖြတ်ပါ။ (ထိုသို့ဆုံးဖြတ်ခြင်းသည် ဘေးအန္တရာယ် အမှန်တကယ် ကြုံတွေ့လာပါကမည်သည့် အခက်အခဲများ ဖြစ်ပေါ်လာမည်ကို သိရှိရန် အကူအညီပေးပါသည်။ အကျိုးသက်ရောက်မှုဟုဆိုရာတွင် ဖွဲ့စည်းပုံဆိုင်ရာများ၊ ဖွဲ့စည်းပုံနှင့်မသက်ဆိုင်သည့်အရာများ၊ လူမှုရေး၊ စီးပွားရေး

များအားလုံးပါဝင်ရပါမည်) ပြည်သူလူထုအတွင်း ဘေးဒုက္ခ ကျရောက်လွယ်မှုများကိုလည်း စဉ်းစားဆုံးဖြတ်ပေးရန်လိုအပ်ပါသည်။

**၂။ မည်သည့်အချက်များသည် ပြည်သူလူထုအတွင်း ဘေးဒုက္ခကျရောက်လွယ်မှုကို ဖြစ်စေသနည်း။**

(က) သတ်မှတ်ထားသည့် ဘေးဒုက္ခများလျော့ပါးစေနိုင်မည့် ပြည်သူလူထုအတွင်းရှိစွမ်းဆောင်ရည်အားလုံးကိုဖော်ထုတ်သတ်မှတ်ပါ။ ထို့အပြင် ဘေးအန္တရာယ်ကို ရင်ဆိုင်ရာတွင် လိုအပ်မည့်စွမ်းဆောင်ရည် အရည်အသွေးများကိုလည်း ဖော်ထုတ်သတ်မှတ်ထားရပါမည်။

**၃။ စွမ်းဆောင်ရည်များမှာ အဘယ်နည်း။**

(က) ဘေးအန္တရာယ်ကျရောက်နေစဉ်ကာလအတွင်း လက်ငင်း လိုအပ်ချက်များကို ဆုံးဖြတ်သတ်မှတ်ထားပါ။

(ခ) အန္တရာယ်ကျရောက်နေစဉ်မှာပင်ဖြစ်နိုင်ချေရှိသည့်လျော့ပါး သက်သာစေသည့် လုပ်ဆောင်ချက်များအား ဖော်ထုတ်သတ်မှတ် ထားပါ။

ဤလုပ်ဆောင်ချက်၏ရလာဒ်များကို နောင်တွင် ပြည်သူလူထုနှင့်အတူ ပြန်လည်တိုက်ဆိုင်စစ်ဆေးကြည့်ရှုရမည်ဖြစ်ပါသည်။ သတင်းအချက်အလက်များနှင့်စနစ်တည်ဆောက်ခြင်းတို့ကို ကောင်းစွာမှတ်တမ်းတင်ထားခြင်းသည် ပြည်သူလူထုနှင့်အတူ သင့်လျော်သောစစ်ဆေးမှုပြုလုပ်နိုင်ရန် အထောက်အပံ့ကောင်းရမည်ဖြစ်ပါသည်။

**ပထမနေ့ရလာဒ်များသည် အောက်ပါကားချပ် ၄ ခုဆောင်ရွက်ချက်မှရရှိမည်ဖြစ်ပါသည်။**

(က) ရပ်ရွာသမိုင်းကြောင်းဖြစ်စဉ်ပြသမှုကားချပ်။

(ခ) ရပ်ရွာသမိုင်းဖြစ်စဉ်မှတ်တမ်း ။

(ဂ) ရာသီချိန်အလိုက်လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အခြေပြဇယား။

(ဃ) လူမှုအဖွဲ့အစည်းများအတွင်း ဆက်နွယ်မှုနှင့်အရေးပါမှုအပေါ် ခွဲခြမ်းစိတ်ဖြာမှု။

## (ခ) ဒုတိယနေ့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ပထမနေ့မှ ခွဲခြမ်းစိတ်ဖြာမှုရလာဒ်များအပေါ်ထပ်မံဖြည့်စွက်ချက်ရများ ရရှိရန်ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးခြင်း။

၂။ အဓိကကျသည့် (ဦးတည်အုပ်စု) ဒေသခံများနှင့် မြေပုံရေးဆွဲခြင်းအား စစ်ဆေးခြင်း။

၃။ ဦးတည်အုပ်စု (ကလေးများ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ လယ်သမားများ၊ ရေလုပ်သားများ၊ အလုပ်သမားများ)နှင့် တွေ့ဆုံပါ၊ ထို အုပ်စုများမှာ ခွဲခြမ်းစိတ်ဖြာမှုကို ဘေးအန္တရာယ်၊ ဘေးဒုက္ခကျရောက် လွယ်မှုများနှင့်အရေးပါသော လမ်းကြောင်းများအပေါ် အဓိကဆောင်ရွက် (စူးစိုက်)ထားရန်။

၄။ သတင်းအချက်အလက်များကိုစနစ်တကျဖြစ်အောင်ပြုလုပ်ခြင်းနှင့် တတိယ နေ့ဆောင်ရွက်ရမည့်''ပြောင်းလဲခြင်းလုပ်ငန်းစဉ်''အတွက်ပြင်ဆင်ခြင်း။

### ၁။ ပထမနေ့ ခွဲခြမ်းစိတ်ဖြာမှု ရလာဒ်များအပေါ်ထပ်မံ ဖြည့်စွက်ချက် ရများရရှိရန် ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးခြင်း။

ရေးဆွဲပြီးသောကားချပ်အားလုံးအားလူထုကိုအသိပေးမျှဝေပါ။ သို့မှသာ ပြည်သူလူထုအတွက် သင့်လျော်သော ပိုမိုနားလည်လွယ်သည့်သတင်းအချက် အလက် မှတ်တမ်းတစ်ခုအပြီးသတ်ရရှိစေမည်။လက်တွေ့နည်းလမ်းတစ်ခုမှာ ကားချပ်တွင်လိုအပ်ချက်များကို ပြည်သူလူထုနှင့်အတူ ဖြည့်စွက်ပြင်ဆင်ပါ။

နောက်ပိုင်းတွင် ပြည်သူလူထုကို အုပ်စုငယ်များ (ကျား/မအုပ်ခွဲခြင်း သို့မဟုတ် အလျဉ်းသင့်သလို) ခွဲခြင်းက အသုံးဝင်မည်ဖြစ်သည်။ အုပ်စုငယ်တစ်ခုစီ သည် အခြားသူများနှင့်မတူသော ကားချပ်တစ်ခုစီ လက်ခံရရှိမည်။ ကားချပ်ကို ကြည့်ရှုရန် အချိန် ၁၅ မိနစ်ပေးပြီး ထပ်မံဖြည့်စွက်ချက်များ ပေးရမည်ဖြစ်သည်။

နောက်ပိုင်းတွင် ကားချပ်များကို အုပ်စုငယ်များအကြား လှည့်လည်ပေးရမည်။ အုပ်စုတစ်ခုသည် ကားချပ်တစ်ခုရရှိသည်နှင့် ဖော်ပြပြီးသော သတင်းအချက်အလက်အပြင် ယခင်အုပ်စု၏ ဖြည့်စွက်ချက်များကိုပါ ကြည့်ရှုပြီး လိုအပ်ပါက ထပ်မံ ဖြည့်စွက်ချက်များ ထည့်သွင်းရမည်။ ဤလုပ်ငန်းစဉ်အား ကားချပ်အားလုံးကို အုပ်စုငယ်အားလုံးက ကြည့်ရှုပြီးသည်အထိ လုပ်ဆောင်ရမည်။

## ၂။ အဓိကဦးတည်အုပ်စုများနှင့် မြေပုံရေးဆွဲခြင်းအား စစ်ဆေးခြင်း။

မြေပုံ၏ပထမမူကြမ်းအားမွမ်းမံပြင်ဆင်ပြီးလျှင်ဆက်လက်၍အဓိက **ဦးတည်အုပ်စု**ဒေသခံများထံမှ မြေပုံအားဖြည့်စွက်ချက်များရယူရန်နှင့် မြေပုံတွင်ဖော်ပြထားသည့် သတင်းအချက်အလက်များ ပိုမိုကောင်းမွန်စေရန်အတွက် လိုအပ်သော/ သင့်လျော်သော သတင်းအချက်အလက်များပေးရန်အတွက် ၎င်းတို့အား ရှင်းပြရန်ဖြစ်သည်။ ဦးတည်အုပ်စုဒေသခံများထံမှ ဖြည့်စွက်ချက်အသစ်များပါဝင်သော (နောက်ဆုံး) မူကြမ်းမြေပုံကို တတိယနေ့လူထုနှင့် တွေ့ဆုံရာတွင် တင်ပြရမည်ဖြစ်ကြောင်း သိရှိထားရမည်။

## ၃။ ဦးတည်အုပ်စုများနှင့်တွေ့ဆုံခြင်း။

ဦးတည်အုပ်စုတွေ့ဆုံခြင်းများဆောင်ရွက်ရန် ကြိုတင်ချိန်းဆိုမှုများပြုလုပ်ရန် လိုအပ်သည်။ ဦးတည်အုပ်စုလုပ်ဆောင်ချက်ကို အခြားသော စီးပွားရေးနှင့် လူမှုရေးအချက်များတွင် ထည့်သွင်းစဉ်းစားခြင်းပြုရပါမည်။

သတိပြုရန်မှာ ကလေးသူငယ်များ၊ လူနည်းစုများနှင့်လုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ဥပဒေကြောင်းလိုအပ်ချက်များနှင့် သဘောတူခွင့်ပြုချက်ရယူခြင်းများကို လိုအပ်သည့်အတွက် တွေ့ဆုံမှုတိုင်းတွင် သက်ဆိုင်ရာဌာနမှ ဦးဆောင်ဆွေးနွေးသူတစ်ဦး ထားရှိရမည်။

**ကွဲပြားသော တစ်စိတ်တစ်ပိုင်းပါဝင်ပတ်သက်သည့် အဖွဲ့များနှင့် ဆွေ့ဆုံမေးမြန်းခြင်း–**

- ရပ်ရွာလူထုအတွင်း (အုပ်စု )လိုက်တွေ့ဆုံဆွေးနွေးခြင်း။
- ဦးတည် အုပ်စုလိုက်တွေ့ဆုံဆွေးနွေးခြင်း
- တစ်ဦးချင်း တွေ့ဆုံဆွေးနွေးခြင်း။
- အဓိကကျသည့် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခြင်း။

အုပ်စုလိုက်ဆွေးနွေးခြင်းအတွက် ကွင်းဆင်းဆောင်ရွက်ရာ၌ အောက်ပါ မေးခွန်းများသည် အဓိကထားမေးမြန်းရန်လမ်းညွှန်အဖြစ် အကူအညီပေးနိုင်သည်။

၁။ သင်တို့အားလုံး ဤရပ်ရွာတွင် နေထိုင်ပါသလား၊ နေထိုင်ခဲ့သည်မှာ ဘယ်လောက်ကြာမြင့်ပါပြီလဲ။

၂။ သင်၏ အကြီးမားဆုံး စိုးရိမ်သောကမှာ အဘယ်နည်း။

၃။ သင်ကြုံတွေ့နေရသော ပြဿနာများပြေလည်ရန် မည်သို့ဆောင်ရွက်မလဲ၊ သင်၏အကြံပြုချက်မှာ ဘာလဲ။

၄။ သင်၏ရပ်ရွာတွင် မည်သည့်အခြေခံအဆောက်အဦးများ ရှိပါသလဲ။

၅။ သင်၏ စိုးရိမ်ပူပန်မှုများမှာ အဘယ်နည်း။

၆။ သင်၏ရပ်ရွာတွင် မည်သည့်ရောဂါများ ဖြစ်ပွားတတ်ပါသလဲ။

၇။ မီးလောင်မှုဖြစ်ပွားလျှင် ရပ်ရွာပြည်သူလူထုက မည်သို့တုန့်ပြန်ဆောင်ရွက်ပါသလဲ။

၈။ သင်၏ အမှိုက်ကို မည်သို့ စွန့်ပစ်ပါသလဲ။

၉။ သင်၏နေအိမ်ကို မည်သို့တည်ဆောက် (သို့မဟုတ်) တိုးချဲ့ပါသလဲ။

၁၀။ (က)သောက်ရေ (ခ)လျှော်ဖွပ်ရန်ရေ (ဂ)ချိုးရေတို့ကို မည်သည့်နေရာကရရှိပါသလဲ။

၁၁။ သင်၏ တစ်နေ့တာ လုပ်ငန်းဆောင်တာကို ဖော်ပြပါ။

၁၂။ အိမ်တွင်နေသူများ၏ (က)အသက် (ခ)ကျား/မ (ဂ)ဆွေမျိုးတော်စပ်ပုံတို့ကို ဖော်ပြပါ။

၁၃။ ဤဒေသတွင် နေထိုင်ရသည်ကို မည်သို့ ခံစားရပါသလဲ။

၁၄။ သင်၏ မိသားစုဖွဲ့စည်းပုံကို ဖော်ပြပါ၊ သူတို့ကို သင်မည်သို့ ပံ့ပိုးပါသလဲ။

၁၅။ ဆိုင်ကလုန်း/မာလာမုန်တိုင်းမတိုက်မီနှင့် တိုက်ခတ်ပြီးနောက် သင်၏ နေမှုပုံစံကို ဖော်ပြပါ။

၁၆။ သင်၏ အခက်အခဲပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းပါသလဲ။

## ၄။ တတိယနေ့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း

**သတင်းအချက်အလက်နှင့်ပြင်ဆင်မှုများအား တတိယနေ့အတွက်စနစ်တကျဖြစ်အောင်လုပ်ခြင်းဖြင့် စွမ်းဆောင်ရည်သစ်များ တွေ့ရှိစေမည့် ‘ ပြောင်းလဲစုဖွဲ့ခြင်းလုပ်ငန်းစဉ်’ အား အကျိုးပြုပေးခြင်း။**

ကောက်ယူရရှိသော သတင်းအချက်အလက်အားလုံးကို ပြည်သူလူထုနှင့် ဆွေးနွေးပြီး သဘောတူ ညီပြီးသည်နှင့် သတင်းအချက်အလက်များကို စနစ်တကျဖြစ်စေရန် (ဖြစ်နိုင်ပါကကွန်ပျူတာဖြင့်)အီလက်ထရောနစ်အသွင်သို့ ပြောင်းလဲသိမ်းဆည်းထားသင့်သည်။ သို့ရာတွင် ရပ်ရွာအတွင်း လျှပ်စစ်မီး အသုံးပြုရန် အခြေအနေမပေးပါက သတင်းအချက်အလက်ကို ကျောက်သင်ပုန်း သို့မဟုတ် စက္ကူကားချပ် (flip chart)ပေါ်တွင်ရေးသွင်းထားသင့်သည်။ ၎င်းသို့ ပြုလုပ်ခြင်းသည် အချိန်ကုန်သည်မှာမှန်သော်လည်း လက်တွေ့တွင် အလွန် အရေးပါကြောင်း တွေ့မြင်ရမည် ဖြစ်ပါသည်။

## (ဂ) တတိယနေ့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ''ဘေးဒုက္ခကျရောက်လွယ်မှု (V)မှ စွမ်းဆောင်ရည် (C) '' သို့ ပြောင်းလဲရန် လုပ်ဆောင်ချက်များအား ဖော်ထုတ်သတ်မှတ်ရန် ဒေသခံလူထုနှင့်တွေ့ဆုံခြင်း နှင့်ကြိုတင်ကာကွယ်ခြင်း၊ လျော့ပါးသက်သာစေခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် သီးသန့်လုပ်ငန်းများဖြင့် လုပ်ငန်းစဉ်ကို အပြီးသတ်ခြင်း။

၂။ ရပ်ရွာမှမထွက်ခွာမီ သတင်းအချက်အလက်ကို စနစ်တကျ ဖြစ်အောင်ပြု လုပ်ခြင်းနှင့် ပြည်သူလူထုထံ ပြန်လည်သတင်းပေးခြင်း။

### ၁။ ဘေးဒုက္ခကျရောက်လွယ်မှုမှ စွမ်းဆောင်ရည်သို့ပြောင်းလဲရန် လုပ်ငန်းများကို ထုတ်ဖော်သတ်မှတ်ရန် ပြည်သူလူထုနှင့်တွေ့ဆုံ ခြင်း။


**သတိပြုရန်မှာ သင့်လျော်သည့် ရေရှည်အကျိုးသက်ရောက်မှု ရစေရန် ဤ လုပ်ဆောင်ချက်အတွက်လုံလောက်သောအချိန်သတ်မှတ်ထားရှိရန် လိုအပ်သည်။**

သီးသန့်အခြေအနေများအတွင်း သီးသန့် ဘေးဒုက္ခကျရောက်လွယ်မှုများကို ဖော်ထုတ် သတ်မှတ်ဖြစ်ခဲ့ပါက ၎င်းတို့ကို ဖြေရှင်းရန် ခိုင်မာသော လုပ်ငန်း များချမှတ်လုပ်ဆောင်ရမည်။ ဥပမာအားဖြင့် လျှောင်လှုပ်ဖွယ်ရှိသည့် အခြေအနေ တွင်တွေ့ရှိရသည့် ဘေးဒုက္ခကျရောက်လွယ်မှုတစ်ခုမှာ နေအိမ်ဆောက် လုပ်ထား သည့် အရည်အသွေးနိမ့်ကျနေပါက လူထုအသုံးပြုနေသော ဆောက်လုပ်ရေး နည်းစနစ်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ ပျက်စီးနိုင်ခြေများသည့် နေရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကိုရယူခြင်း၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင် ရာခွဲခြမ်းစိတ်ဖြာခြင်း၊ နေအိမ်အတွင်းအန္တရာယ်ရှိသောနေရာနှင့် ဘေးကင်းသော နေရာကို ဖော်ထုတ်သတ်မှတ်ခြင်း၊ လျှောင်လှုပ်နေစဉ်နှင့် လှုပ်ပြီးချက်ချင်း တုန့်ပြန် လုပ်ဆောင်ခြင်းစသည်တို့ကဲ့သို့ ကွဲပြားသော လက်တွေ့လုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်သည်။

ဘေးဒုက္ခကျရောက်လွယ်သည့် အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန် အောက်ပါ ခွဲခြမ်းစိတ်ဖြာမှုကို အသုံးပြုနိုင်သည်။ သိမြင်နေရသည့် ဘေးဒုက္ခကျရောက် လွယ်မှုများအား ဖော်ထုတ်သတ်မှတ်ခြင်းမှ ယင်းဘေးဒုက္ခကျရောက်လွယ်မှု များအားဖြစ်ပေါ်စေသည့် အကြောင်းရင်းများသို့၊ ယင်းဘေးဒုက္ခကျရောက်လွယ်မှု များအားဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှ ယင်းအကန့်အသတ်များကို စွမ်းဆောင်ရည်များသို့ ပြောင်းလဲပေးနိုင်မည့် အမျိုးမျိုးသော လုပ်ဆောင်ချက်များ အား စဉ်းစားခြင်းသို့ ရွှေ့လျားသွားသည့် ခွဲခြားစိတ်ဖြာမှု ပုံစံဖြစ်သည်။

## ဘေးဒုက္ခကျရောက်လွယ်မှုမှ စွမ်းဆောင်ရည်သို့ ပြောင်းလဲခြင်း။

ဤကားချပ်ကို ပြည်သူလူထုနှင့်အတူသို့မဟုတ်လူထုကိုယ်တိုင်ရေးဆွဲ ရန်လိုအပ်ပါသည်။ ဘေးအန္တရာယ်များနှင့် ဘေးဒုက္ခကျရောက်လွယ်မှုများကို ဖော်ထုတ်သတ်မှတ်ပြီးသည်နှင့် ''ပြောင်းလဲဖြစ်ပေါ်မှု'' အတွက် လုပ်ငန်းစဉ် ကို ပြည်သူ လူထုနှင့်အတူ ရေးဆွဲရမည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ပြည်သူ လူထုမှ ယင်းတို့၏ ပိုင်ဆိုင်မှုအဆင့်မြင့်တက်လာပြီး ယင်းတို့၏ ရပ်ရွာမှ ပြုလုပ်သည့်ပြောင်းလဲစေသည့်လုပ်ဆောင်ချက်များကိုတာဝန်ယူဆောင်ရွက် ရန် လုပ်ပိုင်ခွင့်ရမည်ဖြစ်သည်။





| ကိစ္စရပ်များ၊ ပြဿနာများ၊ ဘေးအန္တရာယ်များ | ဘေးအန္တရာယ်များ/ ဘေးဒုက္ခကျရောက်လွယ်မှုများ | ဘေးဒုက္ခကျရောက်လွယ်မှုမှ စွမ်းဆောင်ရေးအဖြစ်သို့ ပြောင်းလဲရန်လုပ်ဆောင်ချက်များ |
|---|---|---|
| ၁။ အိုးအိမ် မလုံလောက်ခြင်း။ အမိုးအကာ မရှိခြင်း။ | – နေအိမ်တစ်ခုတည်းတွင် လူများစွာ နေထိုင်ခြင်း။<br>– ပုဂ္ဂလိက လွတ်လပ်ခွင့်မရှိခြင်း။<br>– လူမှုဘေးဒုက္ခ ကျရောက်လွယ်မှု။ | အိမ်ယာစီမံကိန်း။ |
| ၂။ ထုတ်လုပ်မှုအတွက် ပစ္စည်း/ငွေကြေးချို့တဲ့ခြင်း။ (လယ်ယာစိုက်ပျိုးရေး) | – ကလေးငယ်များအကြား အာဟာရမပြည့်ဝမှု၊<br>– ကျောင်းထွက်ခြင်း<br>– လအနည်းငယ်ကြာ အစာရေစာ ရှားပါးခြင်း။<br>– နေရပ်ပြောင်းရွှေ့ခြင်း။ | – ထုတ်လုပ်ရေး ကိရိယာများ ပံ့ပိုးခြင်း။<br>– အသက်မွေး ဝမ်းကျောင်း သင်တန်း။ |
| ၃။ မြေဆီလွှာတိုက်စားခြင်း။ (မြစ်နှင့်ပင်လယ်) | – သီးနှံ မအောင်မြင်ခြင်း။ (ဆားငံရည်ဝင်ခြင်း)<br>– ရေထွက်ကုန်များ ကျဆင်းခြင်း။ | – ပင်လယ်တံတိုင်းများ၊ မြစ်ကမ်းနံရံများပြန်လည် ပြုပြင်ခြင်း။<br>– ကာကွယ်ထိန်းသိမ်းရန် (ဒီရေတောကာ) သစ်ပင်များစိုက်ပျိုးခြင်း။ |
| ၄။ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ မလုံလောက်ခြင်း။ | – ဘေးအန္တရာယ်များအား သိနားလည်မှု/ အလေးဂရုပြုမှုနည်းပါးခြင်း။<br>– နေရပ် ပြောင်းရွှေ့ခြင်း (အမျိုးသားများ) သို့ဖြစ်၍ ဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီမည့်သူ မရှိခြင်း။ | – အလေးဂရုပြုမှု မြှင့်တင်ခြင်း။<br>– အသက်မွေးဝမ်းကျောင်းသင်တန်းပို့ချခြင်း။ |
| ၅။ ဝင်ငွေနည်းပါခြင်း။ | လူနေမှုအဆင့်နိမ့်ပါးခြင်း။ | ဝင်ငွေရလုပ်ငန်းအစီအစဉ်။ |
| ၆။ လမ်းများကျဉ်းမြောင်းခြင်း။ | – ယာဉ်/လမ်း မတော်တဆဖြစ်မှုများခြင်း။<br>– ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲများ။ | – အလေးဂရုပြုမှု။<br>– လမ်းများကို တိုးချဲ့ခြင်း။ |
| ၇။ ကစားကွင်း မရှိခြင်းနှင့်အားလပ်ချိန်အသုံးပြုရန် နေရာမရှိခြင်း။ | ရုပ်ပိုင်းဆိုင်ရာအခြေအနေယုတ်လျော့ခြင်း။ (မကျန်းမာခြင်း) | ကစားကွင်း တည်ဆောက်ခြင်း။ |

## ခိုင်မာသော လုပ်ဆောင်ချက်များအဖြစ် မည်သို့ပြောင်းလဲမည်နည်း

ယခုအဆင့်တွင်ၿငင်းတို့မှ ထွက်ပေါ်လာမည့် အဆိုပြုလုပ်ဆောင်ချက်များကို သေချာစေရန် လုပ်ငန်းအစီအစဉ်ယန္တရားများကို ခွဲခြမ်းစိတ်ဖြာရမည်။ ယင်းသို့ပြုလုပ်ရန် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

(က) ဤလုပ်ငန်းကို ယခုချက်ချင်းဆောင်ရွက်နိုင်မည်/မဆောင်ရွက်နိုင်မည်

(ခ) အရင်းအမြစ် လိုအပ်မှု ရှိ/မရှိ

(ဂ) လိုအပ်သောအရင်းအမြစ်များကို မိမိတို့ဖာသာ ရှာဖွေခြင်းပြုနိုင်/မပြုနိုင်။ ပြုနိုင်ပါက မည်သို့ပြုလုပ်မည်နည်း

(ဃ) နည်းပညာ ပံ့ပိုးမှု လိုအပ်/မလိုအပ်။ လိုအပ်ပါက ရရှိနိုင်မည့်နေရာ

ဖြေရှင်းချက်များသည် ပြည်သူလူထုအတွင်း ရှိပြီးဖြစ်သည့် ကျွမ်းကျင်မှုသို့မဟုတ် အရင်းအမြစ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်ရန် လိုအပ်သည်။ ဖြေရှင်းချက်သည် ငွေကြေးလိုအပ်ပါက ရံပုံငွေရှာဖွေမှုကို ဖြေရှင်းချက်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်စေရမည်။ (ကံစမ်းမဲဖွင့်ခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ရံပုံငွေ ကောက်ခံခြင်းစသည့် ဖန်တီးမှုရှိသော စိတ်ကူးစိတ်သန်းများ) ကျွမ်းကျင်မှုများ လိုအပ်ပါက ပြည်သူလူထုအတွင်း (မိတ်ဆွေများ၊ ဆွေမျိုးများအပါအဝင်) ရှာဖွေရန် လိုအပ်သည်။ ပြင်ပပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်းကို နောက်ဆုံးအနေဖြင့်သာ ပြုလုပ်သင့်သည်။

တစ်ဖက်ဖော်ပြထားသော ပြောင်းလဲဖြစ်ပေါ်စေရန် လုပ်ဆောင်ချက်များကို နောက်လာမည့် အဆင့်များအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ နောက်လာမည့် အဆင့်များတွင် ပြည်သူလူထုအတွင်း လက်တွေ့ကျသည့် လုပ်ဆောင်ချက်များလုပ်ဆောင်ရန်သာ မျှော်လင့်ထားသည်။ ယခင်ပြုလုပ်သော ပြည်သူလူထုအတွင်း ပါဝင်ပတ်သက်မှုရှိသူများအား ခွဲခြမ်းစိတ်ဖြာခြင်း (လူမှုနှင့်သင်းဖွဲ့ကွန်ယက်ခွဲခြမ်းစိတ်ဖြာမှု)သည် အရေးပါသော စတင်မှုတစ်ခုဖြစ်လိမ့်မည် ဖြစ်သည်။

## ပြေရှင်းချက်ရှာဖွေခြင်းကားချပ်နမူနာ

| လုပ်ဆောင်ချက် | ကာလ (တို/လတ်/ရှည်) | ဘဏ္ဍာရေး လိုအပ်မှု | အရင်းအမြစ် ရမည့်နေရာ | နည်းပညာ ပံ့ပိုးလိုအပ်မှု |
|---|---|---|---|---|
| ၁။ အိမ်ယာ စီမံကိန်း | ကာလရှည် | လိုအပ် | မြေ– ဒေသဆိုင်ရာ အာဏာပိုင်<br>လုပ်အား–လူထု<br>ဆောက်လုပ်ရေးပစ္စည်းများအတွက်<br>ရံပုံငွေ–ပြင်ပအလှူရှင်များ | လိုအပ်(ဆောက်လုပ်ရေး အင်ဂျင်နီယာ |
| ၂။ ထုတ်လုပ်ရေး ကိရိယာ ပံ့ပိုးခြင်း။ | ကာလလတ် | လိုအပ် | ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လူထု | မလိုအပ် |
| ၃။ သစ်ပင်စိုက်ပျိုးခြင်း။ | ကာလရှည် | လိုအပ် | မြေ– ဒေသဆိုင်ရာ အာဏာပိုင်<br>လုပ်အား– လူထု<br>မျိုးစေ့– လူထုနှင့် အလှူရှင်များ<br>ကာကွယ်စောင့်ရှောက်ခြင်း–လူထု | လိုအပ် (စိုက်ပျိုးရေး/ သစ်တောပညာရှင်) |
| ၄။ အလေးဂရုပြုမှု မြှင့်တင်ခြင်း | ကာလလတ် | လိုအပ် | ရင်းမြစ်– လူထု<br>နေရာ– လူထု<br>ဘဏ္ဍာရေး– အာဏာပိုင်များ/ အလှူရှင်များ<br>ကိရိယာ– ပြည်သူလူထု/ လူထု အခြေပြု အဖွဲ့အစည်းများ | လိုအပ် (ကျောင်းများ သို့မဟုတ် အခြား အဖွဲ့ အစည်းများမှ သင်ရိုးများ) |
| ၅။ ဝင်ငွေရလုပ်ငန်း အစီအစဉ်။ | ကာလလတ် | လိုအပ် | ဒေသဆိုင်ရာ အာဏာပိုင်များ/ ဘဏ်များ/ အလှူရှင်များ | လိုအပ် (နည်းပညာ) |
| ၆။ လမ်း ချဲ့ထွင်ခြင်းများ။ | ကာလရှည် | လိုအပ် | အစိုးရနှင့် ပြည်သူလူထု | လိုအပ် |
| ၇။ ကစားကွင်း တည်ဆောက်ခြင်း။ | ကာလလတ် | လိုအပ် | ပြည်သူ လူထု/ ဒေသဆိုင်ရာ အာဏာပိုင်များ/ အလှူရှင်များ | လိုအပ် |





## ၂။ ရပ်ရွာမှမထွက်ခွာမီ သတင်းအချက်အလက်ကို စနစ်တကျ ဖြစ်အောင် ပြုလုပ်ခြင်းနှင့်ပြည်သူလူထုထံ ပြန်လည်သတင်းပေးခြင်း

ဤအဆင့်သည် (နောက်ဆုံး)စနစ်တကျဖြစ်အောင် ပြုလုပ်ခြင်းလုပ်ငန်းစဉ်ကိုဆောင်ရွက်ရမည်ဖြစ်သည်။ ပြီးစီးသည်နှင့် အဖွဲ့အနေဖြင့် အဓိကတွေ့ရှိချက်များနှင့် လုပ်ငန်းအစီအစဉ်ကို ပြည်သူလူထု (ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ)အား ရပ်ရွာမှ မထွက်ခွာမီပြန်လှန်စစ်ဆေးနိုင်ရန်နှင့် နောက်ဆုံးအပြီးသတ်နိုင်ရန်တင်ပြရမည်။ နောက်ဆုံး အစီရင်ခံစာ+လုပ်ငန်းအစီအစဉ်ပြီးစီးသည့်အခါ ပြည်သူလူထုအား ပြန်လည်အသိဝေပေးရန် လိုအပ်သည်။ ၎င်းအချက်သည် အခြားစပ်ဆိုင်မှုရှိသူများနှင့် အရင်းအမြစ်စည်းရုံးလှုံ့ဆော်မှုအတွက် တွေ့ဆုံရာတွင်လည်းကောင်း၊ လိုအပ်ပါက အလှူရှင်ရှာဖွေရာတွင်လည်းကောင်း ပြည်သူလူထုအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည်။ အဖွဲ့သည် ရလာဒ်များကို မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ အမျိုးသားကြက်ခြေနီအသင်း (ဌာနချုပ်) နှင့် သင့်လျော်သောအလှူရှင်များအား ပါဝင်ဆောင်ရွက်မှုပြုလုပ်နိုင်ရန် အစီရင်ခံစာ ပေးပို့ရန်လိုအပ်သည်။ ရေရှည်ပါဝင်ဆောင်ရွက်မှု အနေဖြင့် ဗွီစီအေ ရလာဒ်များကို ပြည်သူ လူထုဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်သို့ ပေါင်းစပ်ထည့်သွင်းရန် စဉ်းစားသင့်သည်။

ပြည်သူလူထုအတွင်း တိုးတက်မှုနှင့် ပြောင်းလဲမှုများကို အချိန်နှင့်တပြေးညီဖြစ် အောင်ပြုလုပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ပုံမှန်ပြုလုပ်သင့်သည်။ သို့မှသာ နည်းပညာဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများ လိုအပ်သလို ပေးအပ်နိုင်မည်။ ပြည်သူ လူထုအတွင်းပြောင်းလဲဖြစ်ပေါ်မှုများကို သက်ဆိုင်ရာ အမျိုးသားကြက်ခြေနီအသင်း၏ ဘေးဒုက္ခအန္တရာယ်လျှော့ချရေး နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြသင့်သည်။

နောက်ဆုံးတွင် ဖော်ပြထားသော်လည်း အရေးကြီးသော အချက်တစ်ရပ်မှာ လုပ်ငန်းစဉ်တလျှောက်တွင်ပြည်သူ လူထုအား **လုပ်ငန်းခွင်သင်တန်းများပို့ချခြင်း**

**သဖွယ်ဆောင်ရွက်စေခြင်းဖြင့် ယင်းလုပ်ငန်းစဉ်များကို ရှေ့လျှောက်တွင် မိမိတို့** ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ကိုးကားစာရွက်စာတမ်းများ

- ဗွီစီအေဆိုသည်မှာ အဘယ်နည်း (IFRC - 2007)
- ဗွီစီအေကို မည်သို့ဆောင်ရွက်မည်နည်း (IFRC - 2007)
- ဗွီစီအေ နည်းလမ်းများ (IFRC - 2007)
- ဗွီစီအေ သင်တန်းလမ်းညွှန် (IFRC - 2007)

## နောက်ဆက်တွဲ ၁။ ဗွီစီအေလုပ်ငန်းစဉ်အား ရှင်းလင်းပြသသည့် ရုပ်ပုံကားချပ်

ကမ္ဘာလုံးဆိုင်ရာ ဗွီစီအေစာအုပ်စာတမ်းများနှင့်အသိပညာဖြန့်ဝေခြင်းများ

ဗွီစီအေကို လက်ရှိအစီအစဉ်များနှင့် ပူးပေါင်းသည့် ဒေသဆိုင်ရာ မဟာဗျူဟာ

အလေးဂရုပြုမှု မြှင့်တင်သည့် အလုပ်ရုံဆွေးနွေးပွဲများဒေသဆိုင်ရာ ဗွီစီအေ

ဒေသဆိုင်ရာ ဗွီစီအေလုပ်ငန်းအစီအစဉ်

အမျိုးသားအဆင့်ဗွီစီအေ ပြဌာန်းချက်သင်တန်းများ

ပြည်သူ လူထုအဆင့် ဗွီစီအေ

**ပြည်သူ လူထုဆုံမှတ်များ**

ပြည်သူလူထုအား လေ့ကျင့်သင်တန်းပေးခြင်း

ပြည်သူလူထုမြေပုံရေးဆွဲခြင်း

ပြည်သူလူထုသတင်းအချက်အလက်များ ကောက်ယူစုဆောင်ခြင်း၊ စုစည်းခြင်းနှင့်ခွဲခြမ်းစိတ်ဖြာခြင်း

ပြည်သူလူထုနှင့် အခြေအနေခွဲခြမ်းစိတ်ဖြာခြင်း အစီအစဉ်များ၊သရုပ်ပြခြင်းများအစရှိသည်ဖြင့်

သတင်းအချက်များကို စနစ်တကျဖြစ်အောင်ပြုခြင်း (အသင်းအဖွဲ့နှင့် ပြည်သူလူထု)

ဆုံးဖြတ်ချက်ချခြင်း၊ ချိတ်ဆက်ခြင်း

ပြည်သူ လူထုဖွံ့ဖြိုးမှု အစီအစဉ်များ

# နောက်ဆက်တွဲ ၂။ ပြည်သူလူထုနှင့်အတူ ရေးဆွဲထားသော ဗွီစီအေ အချိန်ဇယား

## ဗီစီအေ (VCA) အချိန်ဇယား (နမူနာ)

| အချိန် | ပထမနေ့အတွက် လုပ်ဆောင်ချက်များ |
|---|---|
| ၃၀ မိနစ် | ပြည်သူ လူထုအားမိတ်ဆက်ခြင်း<br>– တစ်နေ့တာ၏ ရည်ရွယ်ကို ရှင်းပြပါ<br>– အဖွဲ့ဝင်များ<br>– တစ်နေ့တာအတွင်း မည်သည်တို့ ဖြစ်ပျက်မည်နည်း<br>– လူထု၏ အစီအစဉ်အရ အုပ်စုများ ခွဲရန် |
| ၂ နာရီ | – ဆုံမှတ်အုပ်စုနှစ်ခုထံ သွားရောက်လည်ပတ်ရန် (ဥပမာ–အမျိုးသမီးများနှင့် လယ်သမားများ)<br>သော့ချက်ကျသော ဒေသခံများနှင့် အင်တာဗျူးပြုလုပ်ရန် (ကျောင်းဆရာ၊ ရပ်မိရပ်ဖ၊ ဆရာဝန်)<br>– ဖြတ်သန်းလမ်းလျှောက်ခြင်းနှင့် အာရုံစိုက်ထားသော တိုက်ရိုက်လေ့လာမှု |
| ၁ နာရီ ၃၀ မိနစ် | – တစ်အုပ်စုလျှင် (၁၀) ဦး စီဖြင့် မြေပုံရေးဆွဲခြင်း<br>+ သမိုင်းဖြစ်စဉ် မှတ်တမ်း<br>+ ရာသီပြက္ခဒိန် |
| ၁ နာရီ | နေ့လယ်စာ၊ တိုးတက်မှုများကို ဆွေးနွေးခြင်း၊ တိုက်ရိုက်လေ့လာခြင်း (အချို့သော ပူးပေါင်းပါဝင်သူများနှင့် စေတနာလုပ်အားရှင်အားလုံးအတွက် နေ့လယ်စာ/အစားအသောက် စီစဉ်ပေးရမည်) |
| ၂ နာရီ | အိမ်ထောင်စု လေ့လာဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ရှိ ဘေးဒုက္ခ ကျရောက်လွယ်မှု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်ခြင်း |
| ၁ နာရီ | တစ်နေ့တာအား အကဲဖြတ်ခြင်းနှင့် နောက်တစ်နေ့အတွက် ပြင်ဆင်ခြင်း |

## နောက်ဆက်တွဲ ၃။ VCA အတွက် အဓိကလိုအပ်ချက်များ

အချိန်နှင့် အရင်းအမြစ်များသည် VCA အသုံးပြုရန်အတွက် အရေးပါသော လိုအပ်ချက်ဖြစ်ကြောင်း အလေးဂရုပြုရမည်။ အောက်ပါဇယားကွက်တွင် ပါဝင်သောအချက်များကို အလေးထားရန်–

VCA အသုံးပြုခြင်း၏ တိကျသော ရည်ရွယ်ချက်ကို ဖော်ထုတ်သတ်မှတ်ထားရမည်။

VCA ကို အသုံးပြုရန်–ဘေးဒုက္ခ ထူပြောသောဒေသ (သို့) ဘေးကျရောက်လွယ်သော ရပ်ရွာလူထု(သို့) ကျေးရွာကို ရွေးချယ်သတ်မှတ်ရမည်။

ဦးဆောင်ဆွေးနွေးသူနှင့် ရပ်ရွာတိုးတက်စေလိုသူ။
ကြက်ခြေနီစေတနာလုပ်အားရှင် (ဦးဆောင်ဆွေးနွေးသူ)က လေ့လာဆန်းစစ်မှုအတွက် အထောက်အကူပြုသူအနေဖြင့် ပါဝင်ရန်၊ ရပ်ရွာတိုးတက်စေလိုသူက ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူကဏ္ဍဖြင့် ပါဝင်ရန်။

အများစုမှာ ရပ်ရွာအခြေခံ လူတန်းစားများဖြစ်ပြီး လူမှုရေးအုပ်စုများ(အသက်အရွယ်၊ ဘာသာရေး၊ အလုပ်အကိုင်၊ ကျား/မ မသန်စွမ်းမှုစသည့်)ကို ကိုယ်စားပြုသူများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းကိုယ် စားပြုသူများနှင့် ဒေသအာဏာပိုင် ကိုယ်စားလှယ်များ။

ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘေးကျရောက်နိုင်မှု ဆန်းစစ်ခြင်း နည်းလမ်း (ဥပမာ–တိုက်ရိုက် ကြည့်ရှုလေ့လာခြင်း၊ ဘေးအန္တရာယ်ပြမြေပုံ၊ ရပ်ရွာဖြတ်လျှောက်လေ့လာခြင်း၊ ရာသီလိုက်ပြက္ခဒိန်၊ ရပ်ရွာသမိုင်းအချက်များ၊ ထင်ရှားသော အဖြစ်အပျက်များနှင့် မြင်သာထင်သာကိစ္စများ၊ ဗင်းစက်ဝိုင်းကားချပ်၊ ပြဿနာဖစ်မြစ်ပြသစ်ပင်ပုံစံ) နည်းလမ်းအများစုမှာ သတင်းအချက် အလက်ပိုမိုစုဆောင်းရန်နှင့် ခွဲခြမ်းစိတ်ဖြာရန်ဖြစ်သည်။ အသင့်လျော်ဆုံးနည်းတို့ကို ရွေးချယ် သုံးစွဲရန် ဖြစ်သည်။

စီမံချက်ရေးဆွဲခြင်း။ လုပ်ငန်းအစီအစဉ်ကို ပြင်ဆင်ခြင်း၊ လေ့လာဆန်းစစ်ရေးအဖွဲ့ဖွဲ့ခြင်း၊ ထောက်ပို့အစီအစဉ်၊ လိုအပ်သော အသုံးဆောင်ပစ္စည်းနှင့် လုပ်ဆောင်ရန်စည်းမျဉ်း။

| | |
|---|---|
| | အထောက်အကူပေးခြင်း<br>အာဏာပိုင်အဖွဲ့ကို အခြေခံရပ်ရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှုပြုပြီး ယင်းတို့ပါဝင်မှုဖြင့်ပင် VCA လုပ်ငန်းဆောင်ရွက်မှုနှင့် ယင်းရလဒ်များများကို ဆက်လက် အကောင်အထည်ဖော်ရေးကို ရှင်းလင်းတင်ပြရန်။<br>သတင်းအချက်အလက် စုဆောင်းခြင်း– တစ်ဆင့်ရ အရင်းအမြစ်များမှ ကိန်းဂဏန်းများ။<br>အခြေခံရပ်ရွာပြည်သူများထံမှ သတင်းများကို ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘေးကျရောက်နိုင်မှု ဆန်းစစ်ခြင်း (PRA) နည်းအသုံးပြုခြင်းဖြင့် ရယူခြင်း။<br>ဘေးအန္တရာယ်၊ ဘေးဒုက္ခကျရောက်လွယ်မှု၊ စွမ်းဆောင်ရည်နှင့် ဘေးဒုက္ခအရင်းအမြစ်များကို ဆန်းစစ်ခြင်း။<br>– ရရှိသော သတင်းများကို ပြည်သူများနှင့် တွေ့ဆုံစိစစ်ခြင်းနှင့် ချပြခြင်း။<br>– ဘေးအန္တရာယ်ကျရောက်လွယ်မှုမှ စွမ်းဆောင်ရည်သို့ ပြောင်းလဲရေး စီမံချက်ရေးဆွဲခြင်း။<br>– အစီရင်ခံခြင်း– နောက်ဆက်တွဲလုပ်ငန်း။ (အစီအစဉ်ကို ဒေသဖွံ့ဖြိုးမှု အစီအစဉ်တွင် ထည့်သွင်းအရှိန်မြှင့်ရန်) |
| အကောင်အထည်ဖော်မှုရလဒ် | – အခြေပြု သတင်းအချက်အလက်ဆိုင်ရာ စိစစ်အကဲဖြတ်မှုမှ အရေးပေါ်နှင့် ဘေးဒုက္ခ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ လိုအပ်ချက် စိစစ်အကဲဖြတ်မှု ဖြစ်ပေါ်လာခြင်း။<br>– ရပ်ရွာလူထုအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင်ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်၊ ဘေးဒုက္ခကျရောက်လွယ်မှုတို့ ဆက်စပ်မှုကို နားလည်လာခြင်း။<br>– ရပ်ရွာလူထုအနေဖြင့် ဘေးအန္တရာယ်နှင့် ဘေးဒုက္ခကျရောက်လွယ်မှုအပေါ် မိမိတို့၏ကိုယ်တွယ် ဆောင်ရွက်နိုင်စွမ်းကို ဖော်ထုတ်လာနိုင်ခြင်း။<br>– ရပ်ရွာလူထုနှင့် ဒေသအာဏာပိုင်တို့အကြား ဘေးဒုက္ခ၏ဆိုးကျိုးများကို ကာကွယ်ရန် သို့မဟုတ် လျော့နည်းစေရန် လုပ်ကိုင်ဆောင်ရွက်ရေး လိုအပ်သော လုပ်ငန်းများအပေါ် သဘောတူညီလာကြခြင်း။<br>– ဘေးဒုက္ခကျရောက်လွယ်မှု လျှော့ချရေး၊ ဘေးဒဏ်သက်သာစေရေး၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ စီမံချက်များ အကောင်အထည်ဖော်နိုင်ခြင်းနှင့် အကဲဖြတ်နိုင်ခြင်း။ |

## နောက်ဆက်တွဲ ၄။ ကွင်းဆင်းရာတွင် အသုံးပြုသောနေ့အလိုက် ဆောင်ရွက်မှု ဇယားကွက်

| နေ့ဇယားကွက် | |
|---|---|
| လုပ်ဆောင်ချက်များ | မျှော်မှန်းချက်များ |
| ပထမနေ့ | |
| ၁။<br>၂။<br>၃။<br>၄။ | –<br>–<br>–<br>– |
| ဒုတိယနေ့ | |
| ၁။<br>၂။<br>၃။<br>၄။ | –<br>–<br>–<br>– |
| တတိယနေ့ | |
| ၁။<br>၂။<br>၃။<br>၄။ | –<br>–<br>–<br>– |

Together for humanity

EUROPEAN COMMISSION

Humanitarian Aid

Building safer and more resilient communities

in Southeast Asia